စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၀/၂၀၂၄

myantrade

## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မကွေးတိုင်းဒေသကြီး၌ ပဲစင်းငုံသီးနှံစိုက်ပျိုးထားရှိမှုနှင့် ဈေးနှုန်းဈေးကွက်
- ရော်ဘာရာသီဖွင့်ချိန်တွင် ရော်ဘာတစ်ပေါင် ကျပ် ၃၃၃၀ ဖြင့် ဈေးကောင်းပေး၍စတင်ဝယ်ယူလျက်ရှိ

### နိုင်ငံတကာဈေးကွက်

- ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ စံချိန်တင် မြင့်တက်ခဲ့
- မိုးခေါင်ရေရှားမှုဒဏ်ခံနေရသော မာလာဝီနိုင်ငံသို့ လူသားချင်းစာနာ ထောက်ထားမှုအကူအညီအဖြစ် ဆန် တန်ချိန် ၁၀၀၀ အိန္ဒိယနိုင်ငံပေးပို့
- ဖိလစ်ပိုင်နိုင်ငံ၏ စက်တင်ဘာလထိ ဆန်တင်သွင်းမှုသည် မက်ထရစ်တန်ချိန် ၃ သန်းခန့်ထိ ရောက်ရှိ
- အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သောဆန်အား ပြည်ပသို့တင်ပို့ရောင်းချမှုတားမြစ်ချက်ကို ရုပ်သိမ်းရန် စဉ်းစားလျက်ရှိ
- လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန် ခန့်မှန်းထားချက်ဖြစ်သည့် တန်ချိန် ၈ သန်းကို လွဲချော်နိုင်
- အင်ဒိုနီးရှားနိုင်ငံသည် ဗီယက်နမ်ဆန်ကို ပိုမိုတင်သွင်းသွားမည်
- စားတော်ပဲ (Yellow Peas) အား လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ သက်တမ်း တိုးမြှင့်ပေး
- ဖိလစ်ပိုင်နိုင်ငံသည် ပြောင်းနှင့် ဂျုံတင်သွင်းမှု တိုးမြှင့်နိုင်ကြောင်း ခန့်မှန်းရ
- ဗီယက်နမ်နိုင်ငံသည် ဂျုံတင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် သုံးစွဲ
- အိန္ဒိယနိုင်ငံသည် ကြက်သွန်နီအား လွတ်လပ်စွာ တင်ပို့ခွင့်ပြု
- အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီ ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းအထိလျှော့ချကာ စားသုံးဆီများ တင်သွင်းမှု အတွက် အကောက်ခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်
- တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များတင်သွင်းမှုကိုပိတ်ပင်ထားမှုအား ပြန်လည်ရုပ်သိမ်းတော့မည် ဖြစ်သည့်အတွက် ဂျပန်နိုင်ငံတွင် ရေထွက်ကုန်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာတော့မည်
- အမေရိကန်ဝယ်လက်များအကြား ဗီယက်နမ် ပုစွန်ဝယ်လိုအား မြင့်မားလာ
- ရုရှား၏ ငါးနှင့်ရေထွက်ကုန်များ တင်ပို့နိုင်မှုပမာဏသည် ၂၀၂၄ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံရှိမည်
- ရုရှားသည် အိန္ဒိယမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ တင်သွင်းမှု သုံးပုံတစ်ပုံ တိုးလာ
- ရုရှားတွင် ကော်ဖီဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်း
- ဗီယက်နမ်နိုင်ငံမှ အုန်းသီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိခဲ့


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသန ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ ဒူးရင်းသီး တင်သွင်းမှုအတွက် ဒုတိယအကြီးဆုံး ဝင်ပေါက်ဖြစ်လာ
- ဘင်္ဂလားဒေ့ရှ်တွင်ရေကြီးမှုများကြောင့် အထည်ချုပ်လုပ်ငန်းများအတွက် ချည်ထည်များ ပြတ်တောက်
- အိန္ဒိယအစိုးရက သကြားအနည်းဆုံးရောင်းချဈေးနှုန်း(MSP)နှင့် အီသနော‌ဈေးနှုန်းများကိုမြှင့်တင်ရန် စဉ်းစားလျက်ရှိ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ဥယျာဉ်ကျေးရွာ၌ မိုးနှမ်းဈေးနှုန်း ကောင်းမွန်၍ တောင်သူများ အကျိုးအမြတ်ရရှိ
- စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်တွင် အစေ့ထုတ်ပြောင်းသီးနှံများ စတင်ရိတ်သိမ်းလျက်ရှိ
- မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လာ
- ကျောက်ဆည်ခရိုင်၌ မိုးနေကြာ ရိတ်သိမ်းပြီးစီးမှုနှင့် ဈေးနှုန်းဈေးကွက်

**ပြည်ပကုန်သွယ်မှုသတင်း**

- ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇၁၀၀၀၀ ကျော်တင်ပို့ထား
- ယခုနှစ်တွင် မြန်မာ့ထောပတ်သီးများကို စင်ကာပူနှင့် မလေးရှား နိုင်ငံတို့သို့ အဓိကထား တင်ပို့မည်

**အထူးဆောင်းပါးများ**

- အမေရိကန်ဒေါ်လာတန်ဖိုးပြောင်းလဲမှုနှင့် စီးပွားရေးအကျိုးဆက်များ

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## မကွေးတိုင်းဒေသကြီး၌ ပဲစင်းငုံသီးနှံစိုက်ပျိုးထားရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီးသည် နှမ်း၊ မြေပဲနှင့် ပဲမျိုးစုံသီးနှံများ အဓိကစိုက်ပျိုးထွက်ရှိသည့် ဒေသတစ်ခုဖြစ်ပြီး ကုန်ကျစရိတ်သက်သာ၍ စိုက်ပျိုးရလွယ်ကူသည့် ပဲစင်းငုံသီးနှံကို မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်များ၌ ၂၀၂၄ ခုနှစ်တွင် ၁၈၂,၀၀၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲစင်းငုံသီးနှံကို ဇွန်လနှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး ၅-၆ လခန့်အကြာ ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ပဲစင်းငုံ(အနီ)နှင့် (အဝါ)မျိုးများကို စိုက်ပျိုးကြပြီး ပဲစင်းငုံ (အနီ) မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ နှစ်မျိုးရှိပြီး သီးညှပ်စိုက်ပျိုးခြင်းကို ပိုမိုစိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံသီးနှံကို ထွန်ကြောင်းဆွဲ၍ အတန်းလိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးစေ့ တစ် ပြည်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၄ သိန်း ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၂-၁၅ တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဖေဖော်ဝါရီလ ပဲစင်းငုံသီးနှံ ပေါ်စအချိန်တွင် ပဲစင်းငုံ (အနီ) တစ်တင်းလျှင် ငွေကျပ် ၁၁၈,၀၀၀-၁၂၀,၀၀၀ ဖြင့်ရောင်းချခဲ့ရပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၀ သိန်းကျော်ရရှိကြောင်း သိရသည်။

စက်တင်ဘာလ၊ တတိယပတ်တွင် ပဲစင်းငုံ (အနီ) တစ်တင်းလျှင် ငွေကျပ် ၁၄၉,၀၀၀-၁၅၁,၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပဲစင်းငုံသီးနှံများကို မကွေးမြို့ပေါ်ရှိ ပွဲရုံများမှ ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် အိန္ဒိယ၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ ပြည်ပဝယ်လိုအားကောင်းပြီး ဈေးနှုန်းကောင်းမွန်ခြင်းကြောင့် အကျိုးအမြတ်များရရှိသည့် ပဲစင်းငုံသီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ် စိုက်ပျိုးထားရှိသည့် ပဲစင်းငုံ သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**

Source: https://commerce.gov.mm/my/article/update-news-local-trade/

## ရော်ဘာရာသီဖွင့်ချိန်တွင် ရော်ဘာတစ်ပေါင် ကျပ် ၃၃၃၀ ဖြင့် ဈေးကောင်းပေး၍ စတင်ဝယ်ယူလျက်ရှိ

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ရော်ဘာရာသီစတင်ချိန်တွင် ရော်ဘာအဝယ်ဒိုင်များက အချိန်စော၍ ရော်ဘာပြားများကို ဈေးကောင်းပေးဝယ်ယူနေကြောင်း သိရသည်။

"မိုးကမပြတ်သေးလည်း တော်သလင်းလပြည့်နေ့မတိုင်မီကတည်းက မိုးမရွာရင် ရော်ဘာစေးခြစ်ယူပြီး ရော်ဘာဒိုင်တွေဖွင့်မှလာရောင်းတာပါ။ဈေးကောင်းရပါတယ်။ မှိုင်းမတင်တော့ဘဲနေလှန်းပြားပဲလာရောင်းတာပါ။ နေလှန်းပြားတစ်ပေါင်ကို ငွေကျပ် ၃၃၃၀ ရပါတယ်။ ခြံအလုပ်သမားတွေက ရလာတဲ့ ရော်ဘာပြား ပေါင်အလိုက် ရော်ဘာပြားဖိုးတစ်ဝက်စီ ယူကြတာပါ"ဟု သထုံမြို့နယ် ဝီယော်ကျေးရွာမှ တစ်နိုင်တစ်ပိုင် ရော်ဘာခြံပိုင်ရှင် ဦးသာထိုကပြောသည်။ " မိသားစုစားဝတ်နေရေးအရ ရော်ဘာပြားရသလောက်ကို လာရောင်းပါတယ်။ ခြံရှင်နဲ့ တစ်ဝက်စားဆိုပေမဲ့ ကျွန်တော်တို့က အဆုပ်တုံး၊ ခေးစာ (ဆွဲဖတ်) တွေပါ အပိုလုပ်အားခ အနေနဲ့ရတော့ အဆင်ပြေပါတယ်"ဟု ရပ်ဝေးမှ မိသားစုနှင့်အတူလာရောက်၍ ရော်ဘာစေးခြစ်သူကိုသိန်းတန်က ပြောသည်။ "ဒီရာသီမှာ အစောဆုံးအဝယ်ဖွင့်တာပါ။ ရာသီဥတုအခြေအနေအရ ဝယ်ယူရရှိမှုနည်းလည်း တစ်နေ့ကို ပေါင် ၂၅၀၀ ကျော်ဝယ်နေရပါတယ်။ နေလှန်းပြားပဲ အဝယ်များပြီး မှိုင်းတင်ပြန်ရောင်းပါတယ်"ဟု သုဝဏ္ဏဝတီမြို့ ရွှေလက်ဆောင်ရော်ဘာရောင်းဝယ်ရေးဆိုင်မှ ဦးဝေယံကဆိုသည်။

ယခုနှစ် ရော်ဘာစတင် ဝယ်ယူချိန်စောပြီး တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်တောင်သူများသည် အလုပ်သမားရရှိမှု၊ လုပ်အားလစာအပေါ်မှာမူတည်ပြီး ရော်ဘာစေးခြစ်ယူရရှိနေကြသော်လည်း တချို့မှာ ရာသီဥတုအခြေအနေ၊ အလုပ်သမားငှားရမ်းမှု မရရှိကြသေးသောကြောင့် လုပ်ငန်းခွင်ကို မစတင်နိုင်သေးကြောင်း သိရသည်။ မြန်မာ့အလင်းသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_01102024_310

# နိုင်ငံတကာဈေးကွက်

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ စံချိန်တင် မြင့်တက်ခဲ့

၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ပျမ်းမျှဆန်လက်ကားဈေးမှာ အဆမတန်မြင့်တက်ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံရှိ လက်လီဈေးဆိုင်များတွင် ဈေးဝယ်သူများမှာ ဆန်ပြတ်လပ်မှုများနှင့် ကြုံတွေ့လျက်ရှိသည်။

အဆိုပါ သတင်းတွင် ဂျပန်စိုက်ပျိုးရေးသမဝါယမအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ထွက်ရှိခဲ့သည့် ဆန်အမျိုးအစား အားလုံးကို လက်ကားဒိုင်များသို့ ၆၀ ကီလိုဂရမ်တစ်အိတ်လျှင် ပျမ်းမျှအားဖြင့် ၁၆,၁၃၃ ယန်း (သို့မဟုတ်) ၁၁၄ ဒေါ်လာဖြင့် ရောင်းချထားပြီးဖြစ်ကြောင်း ဂျပန် စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားထားကြောင်း၊ အဆို ပါဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း များပြားလာခြင်းဖြစ်ကြောင်းနှင့် စစ်တမ်းစတင်ကောက် ယူခဲ့သည့် ၂၀၀၆ ခုနှစ်မှစတင်၍ အမြင့်ဆုံးဈေးဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။

ယခင်နှစ်နွေရာသီ အပူလှိုင်းဒဏ်ကြောင့် ဆန်အထွက်နှုန်းကျဆင်းပြီး ရောင်းလိုအား ကျဆင်းနေချိန်တွင် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်မှုများပြားခဲ့ခြင်းကြောင့် ဆန်ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း၊ ဂျပန်ပြည်သူများအနေဖြင့် မုန်တိုင်းနှင့်ငလျင်အတွက် ဈေးဝယ်စင်တာများမှ ဆန်ဝယ်ယူစုဆောင်းမှုများလည်း များပြားလျက်ရှိခြင်းကြောင့် ဆန်ပြတ်လပ်ခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဆန်အသစ်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိလာပြီး၊ မြန်ဆန်စွာဖြန့်ဝေနိုင်ရေး မြှင့်တင်ဆောင်ရွက်ပြီးပါက ဝယ်လိုအားနှင့် ရောင်းလိုအားမျှတလာပြီး ဆန်ဈေးနှုန်းလည်းတည်ငြိမ်လာမည်ဖြစ်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးကပြောကြားထားကြောင်း ဖော်ပြထားသည်။

တိုကျိုရှိ စတိုးဆိုင်များတွင် ရိတ်သိမ်းပြီးစ ဆန်သစ်များရောက်ရှိလာပြီဖြစ်သည့်အတွက် တိုကျိုတွင် ဆန်ပြတ်လပ်မှု လျော့နည်းလာလျက်ရှိသော်လည်း ဆန်ဈေးနှုန်းမှာမူ ယခင်ကထက် ၅၀ ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း ဖော်ပြထားသည်။ ( စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့) ,Source: The NHK World Japan

Source: https://myantrade.gov.mm/article/Naypyitawstp-300920241150

## မိုးခေါင်ရေရှားမှုဒဏ်ခံနေရသော မာလာဝီနိုင်ငံသို့ လူသားချင်းစာနာ ထောက်ထားမှုအကူအညီအဖြစ် ဆန်တန်ချိန် ၁၀၀၀ အိန္ဒိယနိုင်ငံပေးပို့

အိန္ဒိယနိုင်ငံသည် မိုးခေါင်ရေရှားမှုဒဏ်ခံနေရသော မာလာဝီနိုင်ငံသို့ လူသားချင်းစာနာ ထောက်ထားမှု အကူအညီ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆန်မက်ထရစ်တန် ၁၀၀၀ ပေးပို့ခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်သော မာလာဝီနိုင်ငံသည် ကောက်ပဲသီးနှံများ ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေကာ အစားအစာထုတ်လုပ်မှုကို ထိခိုက်စေသည့် ပူပြင်းခြောက်သွေ့သော အရိပ်လက္ခဏာများအောက်တွင် ရုန်းကန်လှုပ်ရှားနေရကြောင်း သိရသည်။

"မာလာဝီပြည်သူတွေနှင့် စည်းလုံးညီညွတ်စွာရှိရေး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီဖြစ်တယ်။ အယ်နီညိုဖြစ်စဉ်ကြောင့် ပြင်းထန်သော မိုးခေါင်ရေရှားမှုဒဏ်၏ အကျိုးဆက်တွေကို ဖြေရှင်းဖို့အတွက် ဆန်မက်ထရစ်တန် ၁၀၀၀ ကို မာလာဝီနိုင်ငံသို့ ပို့ဆောင်ခဲ့တယ်" ဟု အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Randhir Jaiswal က ယခုလ ၇ ရက်နေ့တွင် 'X' လူမှုကွန်ရက်၌ ဖော်ပြပြောကြားခဲ့သည်။

ယခုနှစ် မတ်လတွင် မာလာဝီအစိုးရသည် နိုင်ငံ၏ ခရိုင် ၂၈ ခုအနက် ၂၃ ခုတွင် မိုးခေါင်ရေရှားမှုများ ဖြစ်ပွားခဲ့ပြီးနောက် သဘာဝဘေးအန္တရာယ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့သည်။ ပူးပြင်းခြောက်သွေ့သော ရာသီဥတုအခြေအနေကြောင့် နိုင်ငံ၏ စားနပ်ရိက္ခာထောက်ပံ့မှုကို ဆိုးရွားစွာ ထိခိုက်စေခဲ့ကြောင်း သိရသည်။

သို့ပါ၍ ပြည်တွင်း၌ ဆန်လုံလောက်မှုရှိရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် ပြည်ပသို့ ဆန်ဖြူတင်ပို့မှု ပိတ်ပင်ကန့်သတ်ထားသော အိန္ဒိယနိုင်ငံအနေဖြင့် ယခုကဲ့သို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာကိစ္စရပ်များအား မကြာခဏဆိုသလို ဆောင်ရွက်လေ့ရှိသည်။ ဆန်ကို အိမ်နီးချင်းနှင့်မိတ်ဆွေနိုင်ငံများသို့ အစိုးရအချင်းချင်းအစီအစဉ်ဖြင့် ရောင်းချပေးခြင်း၊ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

ရည်ညွှန်း။ The Hindu Businessline: India sends 1,000 MT rice to drought-hit Malawi, September 8, 2024
(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)
Source: https://myantrade.gov.mm/article/NayPyitaw-090920240330

## ဖိလစ်ပိုင်နိုင်ငံ၏ စက်တင်ဘာလထိ ဆန်တင်သွင်းမှုသည် မက်ထရစ်တန်ချိန် ၃ သန်းခန့်ထိ ရောက်ရှိ

ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်းဆန်တင်သွင်းမှုသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ထိ မက်ထရစ် တန်ချိန် ၂ ဒသမ ၉ သန်းသို့ ရောက်ရှိခဲ့ပြီးဖြစ်ပြီး ၂ ဒသမ ၂၆ သန်းမှာ ဗီယက်နမ်နိုင်ငံမှ တင်သွင်းခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမှ ၃၈၃,၂၃၀ ဒသမ ၇၄ မက်ထရစ်တန်ဖြင့် ဒုတိယနေရာ၊ ပါကစ္စတန်နိုင်ငံမှ ၁၅၆,၂၄၄ ဒသမ ၄၈ မက်ထရစ်တန်ဖြင့် တတိယနေရာ၊ မြန်မာနိုင်ငံမှ ၆၇,၃၁၅ မက်ထရစ်တန်ဖြင့်စတုတ္ထနေရာနှင့် အိန္ဒိယနိုင်ငံမှ ၂၁,၉၁၀ ဒသမ ၅၄ မက်ထရစ်တန်ဖြင့် ပဉ္စမနေရာမှလည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြောင်း Bureau of Plant and Industry မှ ထုတ်ပြန်သည့် ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

အမိန့်ကြော်ငြာစာအမှတ် ၆၂ ဖြင့် ထုတ်ပြန်ခဲ့သည့် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းအား ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချပေးခြင်း အကျိုးသက်ရောက်သည့် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ နောက်ပိုင်းမှစ၍ ဆန်တင်သွင်းမှုများကျဆင်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဆန်တင်သွင်းမှုပမာဏ ၃၆၁,၇၂၄ ဒသမ ၂၀ မက်ထရစ်တန်ရှိပြီး ပုံမှန်တင်သွင်းနေကျပမာဏဖြစ်သော ၃၉၀,၀၆၅ ဒသမ ၉၃ မက်ထရစ်တန်ထက် လျော့နည်းခဲ့ကြောင်း၊ Bureau of Plant and Industry-BPI မှ ထုတ်ပြန်ချက်အရ BLY Agri Venture Trading မှ မက်ထရစ်တန်ချိန် ၂၀၀,၉၄၆ ဒသမ ၉၉ ၊ Orison Free Enterprises Inc; မှ မက်ထရစ်တန်ချိန် ၁၆၆,၀၉၅ ဒသမ ၄၅ ၊ Macman Rice and Corn Trading မှ မက်ထရစ်တန်ချိန် ၁၃၅,၁၆၃ ဒသမ ၃၀ တို့ကို အသီးသီးတင်သွင်းထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနမှ Sanitary and Phytosanitary Import Clearances (SPSICS) ပေါင်း ၆,၆၃၇ ထုတ်ပေးထားခဲ့ပြီးဖြစ်ပြီး ဆန်တင်သွင်းမှုပမာဏ မက်ထရစ်တန်ချိန် ၆ ဒသမ ၈၃ အတွက်လွှမ်းခြုံမှုရှိကြောင်း ဖော်ပြထားသည်။ ပြည်ပမှ ဆန်တင်သွင်းမည်ဆိုပါက ဆန်တင်သွင်းသူများအနေဖြင့် ဦးစွာ SPSICS အား ရယူရမည်ဖြစ်ပြီး ထိုသို့တင်သွင်းလာမှသာ လူနှင့်တိရစ္ဆာန်တို့စားသုံးရန် သင့်တော်မည်ဖြစ်သည့် အာမခံချက်ရှိသည်။

အစိုးရအနေဖြင့်လည်း ပြည်တွင်းဆန်ဈေးနှုန်းများကျဆင်းစေရန် မျှော်လင့်လျက်ရှိကြောင်းနှင့် မြို့တော် မက်ထရိုမနီလာဈေးကွက်၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့၏ imported well-milled rice ဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို-၄၈ ဒသမ ၅ (အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆)၊ imported regular milled rice ဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို-၄၂ (အမေရိကန်ဒေါ်လာ သုည ဒသမ ၇၅) ဖြစ်ပြီး Local well-milled rice ဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို- ၅၀ (အမေရိကန်ဒေါ်လာ သုည ဒသမ ၉)၊ Local regular milled rice ဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို-၄၈ (အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅) တို့ အသီးသီးဖြစ်သည်။

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနမှလည်း ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၄ ခုနှစ်အတွက် ဆန်တင်သွင်းမှုကို မနှစ်ကခန့်မှန်းခဲ့သည့် တန်ချိန် ၄ ဒသမ ၇ သန်းထက် လျော့နည်းပြီး တန်ချိန် ၄ ဒသမ ၆ သန်းသို့ ပြောင်းလဲခန့်မှန်းထားခဲ့သည်။ အဓိက အကြောင်းအချက်မှာ ဗီယက်နမ်နိုင်ငံမှတင်သွင်းမှုလျော့ကျလာ၍ဖြစ်သည်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ လများသည် ဆန်တင်သွင်းမှု အဝင်များကျဆင်းနိုင်သည့်လများဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့ရောင်းချသူများအနေဖြင့် ၎င်းတို့နှင့်ပြုလုပ်ထားသည့် ဆန်ရောင်းချရေးဆိုင်ရာ သဘောတူညီချက်များကို ဖိလစ်ပိုင်ဘက်မှ ဝယ်သူများနှင့် အမြင့်ဈေးနှုန်းရရှိနိုင်ရေး ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်လာနိုင်သည်ဟု Philippines Rice Industry Stakeholders Movement (PRISM) က ခန့်မှန်းထားရှိသည်။

Source: https://businessmirror.com.ph/2024/09/16/bpi-rice-import-arrivals-hit-nearly-3mmt-in-september/

(ကောသွယ်ခိုင်၊ စီးပွားရေးသံမှုး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_160920240130

## အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သောဆန်အား ပြည်ပသို့တင်ပို့ရောင်းချမှုတားမြစ်ချက်ကို ရုပ်သိမ်းရန်စဉ်းစားလျက်ရှိ

ဘာစမာတီမဟုတ်သော ဆန်မျိုးကွဲအချို့အား တင်ပို့ရောင်းချမှုတားမြစ်ချက်ကို အစိုးရက ရုပ်သိမ်းရန်စဉ်းစားနေကြောင်း အစားအစာနှင့်ဖြန့်ဖြူးရေးဌာန၊ အတွင်းဝန်ဖြစ်သူ Sanjeev Chopra က ပြောကြားခဲ့ကြောင်း သိရသည်။

Chopra ကဈေးကွက်အတွင်း ဆန်လိုအပ်ချက်နှင့် သိုလှောင်ထားရှိနိုင်မှုအခြေအနေများအပေါ်တွင် မူတည်၍သင့်လျော်သည့်အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရေးအတွက် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၂၀ ရက်မှစတင်၍တားမြစ်ခဲ့သည့်အပြင် ပေါင်းဆန်အပေါ်ပို့ကုန်ခွန်၂၀ရာခိုင်နှုန်းကိုလည်းရက်အကန့်အသတ်မရှိ တိုးမြှင့်ထားသည်။

အစားအစာနှင့် ဖြန့်ဖြူးရေးဌာနအတွင်းဝန်က အစိုးရသိုလှောင်ရုံများတွင် ဆန်အလုံလောက် သိုလှောင်ထားရှိကြောင်းနှင့် လက်လီဈေးနှုန်းများကို ထိန်းချုပ်ထားနိုင်ကြောင်း ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ကမ္ဘာ့ဆန်ဈေးကွက်၌ အများဆုံးတင်ပို့ရောင်းချသူဖြစ်ပြီး ၎င်း၏ ဘာစမာတီမဟုတ်သည့်ဆန်ဖြူအမျိုးအစားများအား တင်ပို့မှုကန့်သတ်ခြင်း၊ ဖြေလျှော့ပေးခြင်းများသည် ကမ္ဘာ့ဆန်ဈေးကွက်ကို သက်ရောက်မှုများရှိနိုင်သဖြင့် လေ့လာစောင့်ကြည့်သင့်ကြောင်း သိရသည်။

Source: Govt mulling lifting ban on non-basmati rice export: Food Secretary, The Economic Times, 18 September 2024.,စီးပွားရေးသံမှုး၊ နယူးဒေလီမြို့

Source: https://myantrade.gov.mm/article/NayPyitaw-230920241000

## လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန် ခန့်မှန်းထားချက်ဖြစ်သည့် တန်ချိန် ၈ သန်းကို လွဲချော်နိုင်

ဘတ်ငွေခိုင်မာနေခြင်းနှင့် နှစ်ကုန်ပိုင်းတွင် အိန္ဒိယ၏ ဆန်ပို့ကုန်ဆိုင်ရာ ကန့်သတ်ချက်များကို ပယ်ဖျက်နိုင်ခြင်း စသည့်ယှဉ်ပြိုင်မှုကို ဟန့်တားနိုင်သောအချက်များကြောင့် လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန်သည် တန်ချိန် ၈ သန်းအောက်လျော့နည်းနိုင်ကြောင်း Thai Rice Exporters Association ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က ပြောကြားခဲ့သည်။

နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် ရေကြီးမှုရှိနေသော်လည်း ယခုနှစ် ဆန်ပို့ကုန်အပေါ် သက်ရောက်မှုမရှိကြောင်း၊ ထိုင်းနိုင်ငံ၏ နှစ်စဉ် ဆန်ပို့ကုန်မှန်းထားချက် တန်ချိန် ၈ ဒသမ ၂ သန်းထက်ပင် ယခုနှစ်ပို့ကုန်သည် ကျော်လွန်နိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ကျန်လများ၌ တစ်လလျှင် ပျမ်းမျှတန်ချိန် ၆၀၀,၀၀၀ တင်ပို့ပါက တန်ချိန် ၉ သန်းထိပင် ရောက်နိုင်ကြောင်း၊ အင်ဒိုနီးရှား ဆန်တင်သွင်းသည့် အေဂျင်စီ Bulog က လစဉ် ဆန်တင်သွင်းမှုကို တန်ချိန် ၄၅၀,၀၀၀ အတွက် တင်ဒါရရှိထားကြောင်း၊ ဗီယက်နမ်၊ မြန်မာနှင့် ပါကစ္စတန်နိုင်ငံတို့၏ ဆန်တင်ဒါဈေးနှုန်းသည် ထိုင်းထက်လျော့နည်းသဖြင့် ထိုင်းနိုင်ငံအနေဖြင့် မှန်းထားသည့် တင်ဒါဈေးနှုန်းမရရှိခဲ့ဘဲ ပြိုင်ဘက်နိုင်ငံများထံ အမှာစာများ ပိုမိုသွားစေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် မိုးရေချိန်ရရှိသဖြင့် ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် မြန်မာတို့၏ ဆန်ထုတ်လုပ်မှု မြင့်တက်လာပြီး ကမ္ဘာ့ဈေးကွက်တွင် ဆန်များပြားနေကြောင်း၊ ထို့ပြင် အိန္ဒိယကလည်း ယခုနှစ် စတုတ္ထ ၃ လပတ်တွင် ဆန်ဖြူ

ပြန်လည်တင်ပို့ခွင့်ပြုသွားရန် အချက်ပြနေကြောင်း၊ ဈေးကွက်မျှဝေမှုအတွက်ယှဉ်ပြိုင်ရသလို ကမ္ဘာ့ဆန်ဈေးလည်းကျဆင်းနိုင်သဖြင့် ထိုင်းပြည်တွင်းဆန်ဈေးလည်းကျဆင်းနိုင်ကြောင်း အသင်း၏ပြောကြားချက်အရ သိရသည်။

အမေရိကန် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်တွင် အိန္ဒိယသည် ဆန်တင်ပို့မှု တန်ချိန် ၂၀ သန်းထိ ရောက်ရှိနိုင်သဖြင့် ကမ္ဘာ့ဆန်အများဆုံး တင်ပို့သူအဖြစ် ရပ်တည်နိုင်သေးပြီး ထိုင်းသည် တန်ချိန် ၇ ဒသမ ၅ သန်း၊ ဗီယက်နမ်သည် တန်ချိန် ၇ ဒသမ ၅ သန်းနှင့် ပါကစ္စတန်သည် တန်ချိန် ၅ ဒသမ ၆ သန်း အသီးသီးဖြစ်နိုင် ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် အိန္ဒိယက ဆန်ပို့ကုန်ဆိုင်ရာ ပြန်လည်ပြင်ဆင်ချက်ဖြင့် ထိပ်ဆုံးနေရာသို့ ရောက်ရှိနိုင်သလို ဘတ်ငွေခိုင်မာမှုသည် ထိုင်းဆန်ပို့ကုန်ကို တန်ချိန် ၇ သန်းမှ ၇ ဒသမ ၅ သန်းထိ ကျဆင်းစေနိုင်ကြောင်း အသင်းက သတိပေးပြောကြားထားသည်။

ပြည်တွင်းဆန်ဈေးကွက်ကို မြှင့်တင်ရန်နှင့် ဆန်နှင့်ဆန်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ထိုင်းနိုင်ငံ၏ မူဝါဒများအပေါ် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများ၏ ယုံကြည်မှုတိုးမြှင့်စေရန် ရည်ရွယ်၍ “Thai Rice Networking Forum 2024” ကို ကျင်းပခဲ့ကြောင်း၊ ထိုင်းဆန်ပို့ကုန်သည် ကောင်းသည့် လက္ခဏာပြသနေကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၇ လအတွင်း ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၅ ဒသမ ၆၈ သန်း တင်ပို့ခဲ့ပြီးဖြစ်သဖြင့် ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ရာ ဝင်ငွေသည်လည်း ဘတ် ၁၃၂ ဘီလီယံရရှိခဲ့ကြောင်း၊ ယင်းတိုးတက်ခဲ့မှုသည် ဆန်တင်သွင်းသူများက စားသုံးမှုနှင့်ရိက္ခာဖူလုံမှုရှာဖွေကြခြင်းနှင့် အိန္ဒိယ၏ ပို့ကုန်ကန့်သတ်ချက်ရှိနေဆဲဖြစ် သောကြောင့်ဖြစ်ကြောင်း သိရသည်။

Source: www.bangkokpost.com , သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/NayPyitaw–230920241015

## အင်ဒိုနီးရှားနိုင်ငံသည် ဗီယက်နမ်ဆန်ကို ပိုမိုတင်သွင်းသွားမည်

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် စက်တင်ဘာလတွင် နိုင်ငံတကာတင်ပို့ရောင်းချသူများထံမှ ဆန်တန်ချိန် ၄၅၀,၀၀၀ ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူခဲ့ကြောင်းသိရသည်။

ဝယ်ယူလိုသည့် ဆန်အမျိုးအစားမှာ ဆန်ကွဲ အများဆုံး ၅ ရာခိုင်နှုန်းသာပါဝင်သည့် ဆန်ဖြူ အမျိုးအစားဖြစ်ပြီး ၂၀၂၄ သီးနှံနှစ်တွင် ထွက်ရှိသည့်ဆန်ဖြစ်ရန်လိုအပ်ကြောင်း၊ တင်ပို့နိုင်သည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ပါကစ္စတန်တို့ပါဝင်ပြီး တင်ပို့မှုကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း ဖော်ပြပါရှိသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ဆန်တန်ချိန် ၃၂၀,၀၀၀ ကို တင်ဒါခေါ်ယူခဲ့ပြီး လေလံဆွဲသည့် ၁၂ ခုအနက် ၇ ခု ကို ဗီယက်နမ်မှ ရရှိခဲ့ပြီး ဆန်တန်ချိန် စုစုပေါင်းပမာဏ ၁၈၅,၀၀၀ တန်ကို တင်ပို့ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် အင်ဒိုနီးရှားသည် ဆန်တန်ချိန် ၇၀၉,၀၀၀ နီးပါး တင်သွင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ဒုတိယအကြီးဆုံးဆန်တင်သွင်းသူဖြစ်လာသည်။ ဗီယက်နမ် အကောက်ခွန်ဦးစီးဌာန၏ အဆိုအရ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဗီယက်နမ်သည် အမေရိကန်နိုင်ငံသို့ ဆန်တန်ချိန် ၆ သန်းကျော် စုစုပေါင်း တင်ပို့မှုတန်ဖိုး ၃ ဒသမ ၈၅ ဘီလီယံနီးပါးရှိပြီး ယခင်နှစ်ထက် ပမာဏအားဖြင့် ၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၀ ဒသမ ၇ ရာခိုင်နှုန်းတိုးလာကြောင်း ဖော်ပြထားသည်။ Source : The Saigon Times , (စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp–240920240247

## စားတော်ပဲ (Yellow Peas) အား လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ သက်တမ်းတိုးမြှင့်ပေး

အိန္ဒိယနိုင်ငံ၊ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ကူးသန်းရောင်းဝယ်ရေးဌာနအောက်ရှိနိုင်ငံခြားကုန်သွယ်ရေး အထွေထွေညွှန်ကြားမှုဦးစီးဌာနက စားတော်ပဲ (Yellow Peas – ITC (HS) Code 07131010) အား အနိမ့်ဆုံးသွင်းကုန် တန်ဖိုး သတ်မှတ်ချက် (MIP) မရှိဘဲ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တိုးမြှင့်လိုက်ကြောင်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် အမိန့် ကြေညာချက်အမှတ် ၂၉/၂၀၂၄-၂၅ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ယခင်ထုတ်ပြန်ထားသည့်အမိန့်ကြေညာစာအရစားတော်ပဲအား အနိမ့်ဆုံးသွင်းကုန်တန်ဖိုးသတ်မှတ်ချက်နှင့် ဆိပ်ကမ်း ကန့်သတ်ချက်များမရှိဘဲ လွတ်လပ်စွာတင်သွင်းခွင့်မူဝါဒမှာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ပြည်တွင်းပဲမျိုးစုံစားသုံးမှုအတွက် လိုအပ်ချက် မြင့်မားလျက်ရှိကြောင်း သိရသည်။

Source: မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Source:https://myantrade.gov.mm/article/naypyitaw_17092024_1350

## ဖိလစ်ပိုင်နိုင်ငံသည် ပြောင်းနှင့် ဂျုံတင်သွင်းမှု တိုးမြှင့်နိုင်ကြောင်း ခန့်မှန်းရ

ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၄ ခုနှစ်အတွင်း ပြောင်းတင်သွင်းမှုပမာဏအား ခန့်မှန်းထားသည်ထက်ညှိနှိုင်းပြီး တိုးမြှင့်ခန့်မှန်းခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန United States Department of Agriculture (USDA)မှ ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် အယ်နီညိုသက်ရောက်ခဲ့မှုနှင့်ဆက်လက်၍ armyworms ကျရောက်ခဲ့ခြင်းတို့ကြောင့် ၂၀၂၄ ခုနှစ်အတွင်း ပြောင်းတန်ချိန် ၁ ဒသမ ၁ သန်း တင်သွင်းနိုင်ကြောင်း ခန့်မှန်းထားခဲ့ရာမှ တန်ချိန် ၁ ဒသမ ၃ သန်းခန့်ထိ တင်သွင်းနိုင်ကြောင်း တိုးမြှင့်ခန့်မှန်းခဲ့သည်။ တရုတ်၊ အိန္ဒိယ၊ မက္ကဆီကို၊ ဖိလစ်ပိုင်၊ ဆော်ဒီအာရေဗျ၊ တူရကီနှင့် ဗင်နီဇွဲလားတို့မှ ပြောင်းတင်သွင်းမှုမြင့်တက်လာသဖြင့် ကမ္ဘာ့ပြောင်း တင်သွင်းမှုသည်လည်း မြင့်တက်လာကြောင်း USDA ၏အစီရင်ခံတွင် ဖော်ပြပါရှိသည်။

ထို့ပြင်ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင်လည်း ပြောင်းလက်ကျန်ပမာဏ လျော့နည်းနိုင်သဖြင့် ပြောင်းတင်သွင်းမှုမက်ထရစ်တန် ၁ ဒသမ ၃၅ သန်းထိ တိုးမြှင့်တင်သွင်းနိုင်ပါကြောင်း၊ သို့ရာတွင် ကမ္ဘာ့ပြောင်း တင်သွင်းမှုမှာမူ ကျဆင်းနိုင်ပြီး ကနေဒါ၊ တရုတ်၊ အီရန်နိုင်ငံတို့မှ တင်သွင်းမှုကျဆင်းနိုင်၍ဖြစ်သည်။ အီးယူ၊ အိန္ဒိယ၊ မက္ကဆီကို၊ ဖိလစ်ပိုင်တို့မှာမူ ပြောင်းတင်သွင်းမှု တိုးမြှင့်နိုင်ကြောင်းဖော်ပြပါရှိသည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်နိုင်ငံသည် ဂျုံစက်ရုံများ၏ ဝယ်လိုအားမြင့်တက်လာခြင်းနှင့် အရည်အသွေးကောင်းမွန်သည့် ဂျုံများလိုအပ်ချက်များလာခြင်းတို့ကြောင့် ၂၀၂၅ ခုနှစ်အတွင်း ဂျုံတင်သွင်းမှုသည် မက်ထရစ်တန်ချိန် ၇ သန်းခန့်ထိ မြင့်တက်နိုင်ကြောင်း၊ ကမ္ဘာ့ဂျုံတင်သွင်းမှုသည်လည်း အလားတူ မြင့်တက်လာနိုင်ပြီး အီးယူ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့မှ တင်သွင်းမှု မြင့်တက်လာနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၄-၂၀၂၅ခုနှစ် သီးနှံရာသီအတွင်း armyworms များကျရောက်ခဲ့ခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် ကျဆင်းနိုင်ပြီး ပြည်တွင်းရှိ ပြောင်းတောင်သူများနှင့် ပြောင်းထုတ်လုပ်သူများအနေဖြင့် စိုက်ပျိုးမြေများလျော့နည်းလာခြင်းနှင့် ဆက်လက်၍ armyworms များ ကျရောက်နေခြင်းကြောင့်ဖြစ်ကြောင်း မနီလာမြို့အခြေစိုက် USDA ဌာနခွဲမှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

USDA-Foreign Agricultural Service Manila မှ ပြီးခဲ့သည့်နှစ်က ဖိလစ်ပိုင်နိုင်ငံ၏ ပြောင်းစိုက်ပျိုး ထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၈ ဒသမ ၄ သန်းမှ ၈ ဒသမ ၂ သန်းထိ ၂ ဒသမ ၃၈ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်သည်ဟု ခန့်မှန်းခဲ့ပြီး အဓိကပြောင်းစိုက်ပျိုးသည့် Caraga Region တွင်းရှိ စိုက်ပျိုးမြေများသို့ armyworms များကျရောက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ပြောင်းစိုက်ပျိုး ထုတ်လုပ်မှုသည် မက်ထရစ်တန်ချိန် ၁ ဒသမ ၁၇၄ သန်းရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလက ၁ ဒသမ ၄၇၃ သန်းထွက်ရှိခဲ့သဖြင့် နှိုင်းယှဉ်မည်ဆိုပါက ၂၀ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်း အာဏာပိုင်အဖွဲ့မှထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ ရာသီဥတုဆိုးရွား ဖောက်ပြန်ခြင်းကြောင့်ဖြစ်ကြောင်း ဖိလစ်ပိုင် ပြောင်းအသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ဖိလစ်ပိုင် စာရင်းအင်းအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ လာမည့်ဒုတိယ ၃ လပတ်တွင်လည်း ရာသီဥတုဆိုးရွားခြင်း ကြောင့် ပြောင်းထွက်ရှိမှု ကျဆင်းနိုင်သည်ဟု ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ်ပြောင်းထုတ်လုပ်မှု ၈ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခြင်းကြောင့် ပီဆို ၂၂၀ ဒသမ ၀၄ ဘီလီယံဆုံးရှုံးလျက်ရှိကြောင်းနှင့် အချို့သောပြောင်းတောင်သူများသည် ဇူလိုင်လတွင်စတင်စိုက်ပျိုးကြမည်ဖြစ်သဖြင့် ၎င်းတို့ရိတ်သိမ်းမည့်အချိန်အား စောင့်ကြည့်သွားရမည်ဖြစ်ပြီး ထိုမှသာ လာမည့်တတိယ ၃ လပတ်၏ ပကတိအခြေအနေမှန်အတိုင်း ထွက်ရှိမှုကို သိရှိရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်၊ ပထမ ၃ လပတ်နှင့် ဒုတိယ ၃ လပတ် (ဇန်နဝါရီလမှ ဇွန်လအထိ) ဖိလစ်ပိုင်နိုင်ငံ၏ ပြောင်းတင်သွင်းမှု စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၂,၁၇၁,၅၄၄ ရှိပြီး မြန်မာနိုင်ငံမှ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၉၈,၂၇၆,၈၃၅ ဖြင့် ပြောင်းတင်သွင်းမှု စုစုပေါင်း၏ ၄၆ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ ကျန်ရှိနေသည့် နိုင်ငံများမှာ အာဂျင်တီးနားမှ ၂၂ ဒသမ ၁ ရာခိုင်နှုန်း၊ ဗီယက်နမ်မှ ၁၇ ဒသမ ၂ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံမှ ၉ ဒသမ ၀ ရာခိုင်နှုန်း၊ ပါကစ္စတန်နိုင်ငံမှ ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ထိုင်း၊ ဘရာဇီးလ်တို့မှလည်း အနည်းငယ်စီ တင်သွင်းခဲ့ကြောင်း လေ့လာသိရှိရသည်။

Source: [https://businessmirror.com.ph/2024/09/16/phl-seen-buying-more-imported -corn-wheat/](https://businessmirror.com.ph/2024/09/16/phl-seen-buying-more-imported-corn-wheat/)

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: [https://myantrade.gov.mm/article/Naypyitawstp_160920240200](https://myantrade.gov.mm/article/Naypyitawstp_160920240200)

## ဗီယက်နမ်နိုင်ငံသည် ဂျုံတင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် သုံးစွဲ

ဗီယက်နမ်နိုင်ငံသည် ရှစ်လတာကာလအတွင်း ဂျုံတန်ချိန် ၃ ဒသမ ၆၄ သန်းခန့်ကို တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် သုံးစွဲခဲ့ကြောင်း၊ ပမာဏမှာ ၁၈ ဒသမ ၃ ရာခိုင်နှုန်း သိသိသာသာ တိုးလာသော်လည်း တန်ဖိုး ၆ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဗီယက်နမ်အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။

ဂျုံတင်သွင်းမှုသည် တစ်နှစ်ထက်တစ်နှစ် ပျမ်းမျှ ၂၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာခြင်းကြောင့်ဟု ယူဆကြသည်။ ဘရာဇီး၊ ဩစတြေးလျ၊ ယူကရိန်း၊ အမေရိကန်နှင့် ကနေဒါတို့သည် ခုနစ်လတာကာလအတွင်း ဗီယက်နမ်ဈေးကွက်သို့ ဂျုံအများဆုံး တင်သွင်းသည့်နိုင်ငံများထဲတွင် ပါဝင်ကြောင်း သိရသည်။ ဂျုံတင်သွင်းမှု ပမာဏသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၄၈ ဒသမ ၉ ရာခိုင်နှုန်း သိသိသာသာတိုးလာပြီး သွင်းကုန်တန်ဖိုးမှာလည်း ၂၀၅ ဒသမ ၉ ရာခိုင်နှုန်း နီးပါး မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

အထူးသဖြင့် ယူကရိန်းမှ ဗီယက်နမ်ဈေးကွက်သို့ သွင်းကုန်ပမာဏမှာ တန်ချိန် ၆၁၂,၈၀၀ အထိရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၄ သန်းအထိ သိသိသာသာမြင့်တက်လာခဲ့သည်။ ယူကရိန်းသည် အမေရိကန်နှင့် ကနေဒါတို့ကို ကျော်လွန်ကာ ဗီယက်နမ်သို့ တတိယအကြီးဆုံး ဂျုံတင်ပို့သူ ဖြစ်လာခဲ့သည်။ ဗီယက်နမ်သည် လက်ရှိတွင် ကမ္ဘာပေါ်တွင် ဂျုံတင်သွင်းမှုအများဆုံး ၁၀ နိုင်ငံထဲမှ တစ်ခုဖြစ်ကြောင်း၊ ဂျုံတန်ချိန် ၅ ဒသမ ၅ သန်းခန့် တင်သွင်းရန်အတွက် ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံအထိသုံးစွဲခဲ့ကြောင်းသိရသည်။ အထူးသဖြင့် တိရစ္ဆာန်အစာနှင့် အစားအစာပြုပြင်ရေးလုပ်ငန်းများတွင် ပြည်တွင်း၌ ဂျုံဝယ်လိုအား တိုးလာခြင်းကြောင့် တင်သွင်းမှုတိုးလာခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

Source: VOV.VN,

( ဒေါ် ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်း )

Source: https://myantrade.gov.mm/article/NayPyitaw-120920240311

## အိန္ဒိယနိုင်ငံသည် ကြက်သွန်နီအား လွတ်လပ်စွာ တင်ပို့ခွင့်ပြု

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဌာနအောက်ရှိ နိုင်ငံခြားကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၁၀/၂၀၂၄-၂၅ ဖြင့် ထုတ်ပြန်ကြေညာထားသော ကြက်သွန်နီတင်ပို့မှုအတွက် အနိမ့်ဆုံးပို့ကုန်တန်ဖိုး တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၅၅၀ အားဖယ်ရှားခဲ့ပြီး လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့သည်ဟု ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် အမိန်ကြော်ငြာစာအမှတ် ၂၈/၂၀၂၄-၂၅ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အထက်ပါ ကြက်သွန်နီတင်ပို့ရာတွင် တစ်တန်အနိမ့်ဆုံး ပို့ကုန်တန်ဖိုးသတ်မှတ်ချက်အားဖယ်ရှားခြင်း ကြေညာချက်သည် ချက်ချင်းအကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်းလည်း ယင်းကြေညာချက်တွင်ဖော်ပြထားသည်။

အိန္ဒိယအစိုးရသည် ယခင်နှစ်က ရာသီဥတုဖောက်ပြန်မှုများကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ကြက်သွန်နီတင်ပို့မှုတွင် အနိမ့်ဆုံးပို့ကုန်တန်ဖိုး ဈေးနှုန်းများသတ်မှတ်ခြင်း၊ အကောက်ခွန်နှုန်းထားကိုလည်း ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယင်းကြောင့် ကမ္ဘာ့ကြက်သွန်နီဈေးကွက်အပေါ် သက်ရောက်မှုများရှိခဲ့သည်ကို တွေ့ရသည်။ သို့ရာတွင် ယခုနှစ်၌ ကြက်သွန်နီအသစ်များ ရိတ်သိမ်းခါနီးအချိန်တွင် အထွက်နှုန်းတိုးနိုင်မည့် အလားအလာများရှိခြင်း၊ တောင်သူလယ်သမား အကျိုးစီးပွားနှင့် ပြည်ပတင်ပို့မှုမြှင့်တင်နိုင်ရန်အတွက် အချိန်ကိုက်မူဝါဒများပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်းနှင့် ယင်းသည်ကမ္ဘာ့ကြက်သွန်နီဈေးကွက်အပေါ်တွင်လည်းသက်ရောက်မှုများရှိလာနိုင်ကြောင်းသိရသည်။

Source: မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Source: https://myantrade.gov.mm/article/naypyitaw_17092024_1415

## အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီ ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချကာ စားသုံးဆီများ တင်သွင်းမှုအတွက် အကောက်ခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်

အိန္ဒိယဗဟိုအစိုးရသည် စက်တင်ဘာလ ၁၃ ရက်နေ့က ကြက်သွန်နီအပေါ် ပို့ကုန်ခွန်ကို ၂၀ ရာခိုင်နှုန်း အထိ လျှော့ချကာ စားသုံးဆီများတင်သွင်းမှုအတွက် အကောက်ခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက စက်တင်ဘာလ ၁၄ ရက်က ဖော်ပြသည်။ အိန္ဒိယနိုင်ငံတွင် မကြာမီ ခါရစ် (မိုး) သီးနှံများရိတ်သိမ်းချိန် ရောက်ရှိလာ

တော့မည်ဖြစ်ပြီး၊ ယင်းမတိုင်မီ အဆိုပါဆုံးဖြတ်ချက်များ အချိန်ကိုက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အိန္ဒိယ ပြည်ထဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Amit Shah ဦးဆောင်သော ဈေးနှုန်းများဆိုင်ရာ အစိုးရအဖွဲ့ ကော်မတီက စက်တင်ဘာလ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) တွင် အဆိုပါ ဆုံးဖြတ်ချက်များအား ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီအပေါ် စည်းကြပ်ကောက်ခံသော ပို့ကုန်ခွန်ကို ၄၀ ရာခိုင်နှုန်းမှ ထက်ဝက်သို့ လျှော့ချရန် ဗဟိုအစိုးရမှ စက်တင်လာလ (၁၃) ရက် (သောကြာနေ့) ညနေခင်းပိုင်းတွင် အမိန့်ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယင်းမတိုင်ခင် တစ်ရက်က ကြက်သွန်နီတင်ပို့မှုအပေါ် သတ်မှတ်ထားသော အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (MEP)၊ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ သတ်မှတ်ချက်အား ဖယ်ရှားခဲ့ကြောင်း သိရသည်။ အိန္ဒိယအစိုးရသည် သီးခြားအမိန့်ကြော်ငြာစာအရ စားအုန်းဆီကြမ်း၊ ပဲပိစပ်ဆီနှင့် နေကြာဆီအပေါ် သွင်းကုန်ခွန် သုည ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့ပြီး၊ သန့်စင်ပြီး စားအုန်းဆီ၊ ပဲပိစပ်ဆီနှင့် နေကြာဆီများတင်သွင်းမှုအပေါ် အကောက်ခွန် ၁၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၃၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့် သတ်မှတ်ခဲ့ကြောင်း သိရသည်။

အစိုးရအနေဖြင့် လယ်သမားများ၏တိုးတက်မှုအတွက် ကတိပြုထားကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က ဆိုရှယ်မီဒီယာမှတစ်ဆင့် ဖော်ပြပြောကြားခဲ့သည်။ ပို့ကုန်ခွန်လျှော့ချခြင်းဖြင့် ကြက်သွန်နီ တောင်သူများ အား ဈေးကောင်းများရရှိစေရန် ကူညီပေးမည်ဖြစ်ပြီး၊ ကြက်သွန်နီတင်ပို့မှုလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူ လယ်သမားများနှင့် အခြားကြက်သွန်နီနှင့်ပတ်သက်သည့် ကဏ္ဍများကိုလည်း အကျိုးပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ သည်။ ယခုကဲ့သို့ အကောက်ခွန်လျှော့ချဖြတ်တောက်ခြင်း ကြောင့် ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယကြက်သွန်နီ၏ ယှဉ်ပြိုင်နိုင်စွမ်း ကို အတိုင်းအတာတစ်ခုအထိကူညီပံ့ပိုးပေးနိုင်ကြောင်း စိုက်ပျိုးရေးကုန်စည်များတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ M Madan Prakash က ပြောကြားခဲ့သည်။ တူရကီ၊ အီဂျစ်နှင့် ပါကစ္စတန်နိုင်ငံတို့က မလေးရှားနိုင်ငံသို့ ကြက်သွန်နီရောင်းချရန် တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၆၀၀ (C&F) ခန့်ဈေးနှုန်းဖြင့် ကမ်းလှမ်းထားကြောင်း၊ အိန္ဒိယမှ ကြက်သွန်နီဈေးနှုန်းသည် တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၇၀၀ ဝန်းကျင် ဖြစ်နိုင်သည်ဟု ၎င်းကဆိုသည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ဩဂုတ် ၂၉ ရက်အထိ ခါရစ် (မိုး) ရာသီ ကြက်သွန်နီကို ဟက်တာ ၂ ဒသမ ၉၀ သိန်း စိုက်ပျိုးခဲ့ပြီး လွန်ခဲ့သည့်နှစ်ကာလတူက ၁ ဒသမ ၉၄ သိန်း စိုက်ပျိုးခဲ့သည့်အတွက် ပိုမိုတိုးမြင့်လာကြောင်း Crop Watch Weather Group ၏ အချက်အလက်များအရသိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဇူလိုင်လ ၃၁ ရက်နေ့ အထိ အိန္ဒိယနိုင်ငံမှ ပြည်ပသို့ကြက်သွန်နီ တင်ပို့မှုတန်ချိန် ၂ ဒသမ ၆၀ သိန်းရှိကြောင်းနှင့် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁၇ ဒသမ ၁၇ သိန်း တင်ပို့ခဲ့ ကြောင်း Economic Times သတင်းဌာနက ယခုလ ၁၃ ရက်က ဖော်ပြထားသည်။

ပြည်ပမှ စားသုံးဆီတင်သွင်းမှုအတွက် သွင်းကုန်ခွန်စည်းကြပ်မှုအပြင် လယ်ယာအခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ထပ်ဆောင်းခွန် ၅ ရာခိုင်နှုန်းကို စည်းကြပ်ကောက်ခံသွားမည်ဟုသိရသည်။ ယင်းသို့ စားသုံးဆီများအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံခြင်းသည် အိန္ဒိယလယ်သမားများအား လက်ရှိသီးနှံနှစ်အတွက် သတ်မှတ်ထားသော အနိမ့်ဆုံး ထောက်ပံ့ရေးဈေးနှုန်းထက် နှုန်းထားများကျဆင်းသွားပြီးနောက် ၎င်းတို့၏ ခါရစ်ရာသီ ဆီထွက်သီးနှံများအတွက် ပိုမိုကောင်း မွန်သော ဈေးနှုန်းများရရှိစေရန် ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ မေလက ပို့ကုန်ခွန် ၄၀ ရာခိုင်နှုန်းနှင့် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၅၅၀ သတ်မှတ်ထားသော ကြက်သွန်နီကို ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ကာ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း သတ်မှတ်ချက်အား ဖယ်ရှားပေးခဲ့ကြောင်း သိရသည်။ တစ်ဖက်တွင် ပြည်ပမှ စားသုံးဆီများတင်သွင်းမှုအပေါ် အကောက်ခွန် ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အစိုးရအနေဖြင့် ကြက်သွန်နီတောင်သူများ၏ အကျိုးစီးပွားနှင့် ပြည်တွင်းဆီထွက်သီးနှံကဏ္ဍ တိုးမြှင့်လာစေရေးအတွက် မူဝါဒပိုင်းမှ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သုံးသပ်ရသည်။

ရည်ညွှန်း။ The Hindu Businessline: Centre cuts onion export duty to 20%, raises Customs levy on crude and refined edible oils, September 14, 2024

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/NayPyitaw-170920241000

## တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များတင်သွင်းမှုကိုပိတ်ပင်ထားမှုအား ပြန်လည်ရုပ်သိမ်းတော့မည်ဖြစ်သည့် အတွက် ဂျပန်နိုင်ငံတွင် ရေထွက်ကုန်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာတော့မည်

တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များကို တင်သွင်းခွင့် ပိတ်ပင်ခဲ့ပြီးနောက် ဂျပန်ရေထွက်ကုန်လုပ်ငန်းများ အနေဖြင့် အခြားသောဈေးကွက်များသို့ ပြောင်းလဲတင်ပို့ရန် ဆောင်ရွက်လျက်ရှိနေချိန်တွင် တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံ၏ ရေထွက်

ကုန်များကို ပြန်လည်တင်သွင်းခွင့်ပြုမည်ဖြစ်သည့်အတွက် သံပခြုပ်ကဲ့သို့သော ကုန်စည်များ၏ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ သတင်းတွင် ၂၀၂၂ ခုနှစ်၌ ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို အများဆုံးဝယ်ယူခဲ့သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေများကို ပင်လယ်ထဲသို့ စွန့်ပစ်ခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များအားလုံးကို တင်သွင်းခွင့်ပိတ်ပင်ခဲ့ကြောင်း၊ ထိုသို့ပိတ်ပင်ခဲ့ပြီးနောက် ဂုံးဈေးနှုန်းမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ Miyagi ပြည်နယ်တွင် Abalone ခရုဈေးနှုန်းမှာ ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ Miyazaki ပြည်နယ်တွင် ဂျပန် Yellowtail ငါးများ၏ ဈေးနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်းဖော်ပြထားသည်။

ဂျပန်အစိုးရအနေဖြင့် ဂုံးနှင့် Sea Cucumbers များ ဝယ်ယူထိန်းသိမ်းနိုင်ရေးအပါအဝင် ရေလုပ်ငန်းကဏ္ဍအတွက် ယန်း ၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၇၈ သန်း) ပံ့ပိုးပေးခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့ ဈေးကွက်ဖြန့်ကျက်နိုင်ရေးဆောင်ရွက်မှုမှာလည်း ကောင်းမွန်လာလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လ လဝက်အထိ ဂုံးတင်ပို့မှုမှ ၂၄ ဒသမ ၁ ဘီလီယံယန်းရရှိခဲ့ကြောင်းနှင့် စုစုပေါင်းတင်ပို့မှုပမာဏမှာ ၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း အမေရိကန်နိုင်ငံသို့ တင်ပို့မှုမှာ ၆၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ကနေဒါနိုင်ငံသို့ တင်ပို့မှုမှာ ၇ ဆကျော် မြင့်တက်ခဲ့ကြောင်း၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများမှ ဝယ်လိုအားလည်းများပြားလာလျက်ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလလယ်တွင် တိုကျိုရှိ Toyosu Market တွင် အေးခဲဂုံးများ၏ လက်ကားဈေးမှာ တစ်ကီလိုဂရမ်လျှင် ၃၆၀၀ ယန်းမှ ၃၇၀၀ ယန်း အကြားရှိကြောင်းနှင့် အဆိုပါ ဈေးနှုန်းမှာ တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များကို တင်သွင်းခွင့် မပိတ်ပင်မီကရှိခဲ့သည့် ဈေးနှုန်းထက်ပင် အနည်းငယ်များပြားလျက်ရှိကြောင်း ဖော်ပြထားသည်။

ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေများကို ပင်လယ်ထဲသို့ စွန့်ပစ်ခဲ့မှုနှင့်စပ်လျဉ်း၍ ဂျပန်နှင့်တရုတ်အကြား မကြာသေးမီက သဘောတူညီမှုရရှိခဲ့ပြီးနောက် အဆိုပါသဘောတူညီမှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံအနေဖြင့် တဖြည်းဖြည်းပြန်လည် တင်သွင်းခွင့်ပြုတော့မည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ရေထွက်ကုန်များတင်ပို့မှုမှ ယန်း ၁ ဒသမ ၂ ထရီလီယံ အထိ ဝင်ငွေရရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ငါးနှင့်ရေထွက်ပစ္စည်းများအတွက် အစာဈေးနှုန်းများ မြင့်တက်လျက်ရှိသည့်အတွက် ထုတ်လုပ်နိုင်မှုမှာ တန့်လျက်ရှိကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ရေထွက်ကုန်စုစုပေါင်း ထုတ်လုပ်နိုင်မှုမှာ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ၃ ဒသမ ၇၂ သန်းတန် ရှိခဲ့ကြောင်း ဖော်ပြထားသည်။

( စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့), Source: The Nikkei Asia

Source: https://myantrade.gov.mm/article/Naypyitawstp-300920241130

## အမေရိကန်ဝယ်လက်များအကြား ဗီယက်နမ် ပုစွန်ဝယ်လိုအား မြင့်မားလာ

ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှု၊ ကျဆင်းမှု၊ ကုန်စည်ပို့ဆောင်မှုမြင့်တက်ခြင်းနှင့် နှစ်ကုန်အားလပ်ရက်နီးကပ်လာခြင်းတို့ကြောင့် အမေရိကန်ကုမ္ပဏီများသည် ဗီယက်နမ်ပုစွန်ဈေးကွက်မှဝယ်ယူရန် စိတ်အားထက်သန်လျက်ရှိကြောင်း ဗီယက်နမ်ပင်လယ်စာတင်ပို့ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) ထံမှသိရသည်။

အမေရိကန်မှ တင်သွင်းသူများသည် လွန်ခဲ့သည့်လအနည်းငယ်အတွင်း အထူးသဖြင့် ခြေထောက်ဖြူ ပုစွန်များအတွက် အမှာစာများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဩဂုတ်လတစ်လတည်းတွင်ပင် ဗီယက်နမ်မှ ခြေထောက်ဖြူပုစွန် ၃၃,၀၀၀ မက်ထရစ်တန် ဝယ်ယူခဲ့ပြီး ယခုနှစ်တွင် အမြင့်ဆုံးပမာဏအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း VASEP က ဖော်ပြခဲ့သည်။

ဟော်လိုဝင်း၊ ကျေးဇူးတော်နေ့၊ ခရစ်စမတ်နေ့နှင့် နှစ်သစ်ကူးတို့ပါဝင်သော အားလပ်ရက်ရာသီများအတွင်း ဝယ်လိုအားများလာစေရန်အတွက် အမေရိကန်ကုမ္ပဏီများက ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း သွင်းကုန်များတိုးမြင့်လာရန် မျှော်လင့်ထားကြောင်း VASEP မှ ဈေးကျွမ်းကျင်သူ Kim Thu က ပြောကြားခဲ့သည်။

ကုန်စည်ပို့ဆောင်မှုမြင့်တက်လာခြင်းနှင့်အတူ ယခုနှစ်ကမ္ဘာ့ပုစွန်အထွက်နှုန်းမှာ ၅ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်းထားကြသောကြောင့် အမေရိကန်မှ  ပုစွန်တင်သွင်းသူများသည် ဗီယက်နမ်မှ ပုစွန်တင်သွင်းမှုအမှာစာများအား တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း Kim Thu က ထပ်မံပြောကြားခဲ့သည်။

ပဋိဇီဝအကြွင်းအကျန်ပြဿနာများကြားတွင် အီကွေဒေါနှင့် အိန္ဒိယပုစွန်တင်ပို့မှုမှာ ကျဆင်းသွားခဲ့ပြီး ဗီယက်နမ်ခြေထောက်ဖြူပုစွန်များသည် အမေရိကန်တို့အတွက် ထိပ်တန်းရွေးချယ်မှုအဖြစ် တွန်းအားဖြစ်စေခဲ့ကြောင်းသိရသည်။

VASEP ၏အဆိုအရ ခြေထောက်ဖြူပုစွန်များ၏ ဈေးနှုန်းများသည် ဖေဖော်ဝါရီလတွင် တစ် ကီလိုလျှင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ ဒေါ်လာမှ ၁၀ ဒသမ ၂ ဒေါ်လာအထိ မကြာသေးမီက ဈေးတက်ခဲ့ပြီး တစ်နှစ် ထက်တစ်နှစ် ၈ ရာခိုင်နှုန်း ခုန်တက်လာခဲ့သည်။ ခြေထောက်ဖြူပုစွန်တစ်မျိုးတည်းတင်ပို့မှုမှာ ဒေါ်လာ ၁ ဒသမ ၇၅ ဘီလီယံထိရှိကြောင်း သိရသည်။
source: https://www.doca.gov.mm/

Source: https://myantrade.gov.mm/article/naypyitaw_24092024_1205

## ရုရှား၏ ငါးနှင့်ရေထွက်ကုန်များ တင်ပို့နိုင်မှုပမာဏသည် ၂၀၂၄ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံရှိမည်

၂၀၂၄ ခုနှစ်အတွက် ရုရှားနိုင်ငံ၏ ငါးနှင့်ရေထွက်ကုန်များ တင်ပို့နိုင်မှုပမာဏသည် ၂၀၂၃ ခုနှစ်အဆင့်တွင်ရှိမည်ဖြစ်ကြောင်း ငါးလုပ်ငန်းသမဂ္ဂဥက္ကဋ္ဌ Mr. Alexander Panin က စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့သည့် နိုင်ငံတကာ ငါးလုပ်ငန်းဖိုရမ်တွင် ပြောကြားခဲ့သည်။

ရုရှားဖက်ဒရယ်ငါးလုပ်ငန်းအေဂျင်စီ(Federal Agency for Fishery) အကြီးအကဲ Mr. Ilya Shestakov ၏ ပြောဆိုမှုအရ ၂၀၂၃ ခုနှစ်တွင် ရုရှားငါးနှင့်ရေထွက်ကုန်များတင်ပို့မှုပမာဏသည် တန်ချိန် ၂ ဒသမ ၅ သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

ရုရှားမှ အဓိကတင်ပို့သော ရေထွက်ကုန်အမျိုးအစားများမှာ အေးခဲငါးများ အပါအဝင် pollock ၊ herring ၊ salmon ၊ sardine ၊ cod ၊ fishmeal နှင့် ကဏန်းများ ဖြစ်သည်။ ၂၀၃၀ ခုနှစ်တွင် ပြုပြင်ပြီး ရေထွက်ကုန်များ တင်ပို့နိုင်မှုအပါအဝင် ငါးနှင့်ရေထွက်ကုန်များ တင်ပို့မှုတန်ဖိုး စုစုပေါင်း ဒေါ်လာ ၇/၈ ဘီလီယံအထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း ဖက်ဒရယ်ငါးလုပ်ငန်းအေဂျင်စီက ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ရေနေသတ္တဝါ ဇီဝအရင်းအမြစ်များ ထုတ်လုပ်မှုတွင် ထိပ်တန်းငါးနိုင်ငံစာရင်းထဲ၌ပါဝင်ပြီး ပြည်တွင်းဈေးကွက် လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ကြောင်း၊ ရုရှားရေပိုင်နက်တွင် မပေါက်ဖွားသော ရေထွက်ကုန်များသာ တင်သွင်းကြောင်း သိရသည်။

ရုရှားမှ ရေထွက်ကုန်များ အဓိကတင်ပို့သောနိုင်ငံများမှာ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ပိုလန်နှင့် ဂျာမနီတို့ ဖြစ်ပြီး အဓိကတင်သွင်းသောနိုင်ငံများမှာ ချီလီ၊ တူကီယဲ၊ အိန္ဒိယ၊ တရုတ်နှင့် အီကွေဒေါတို့ဖြစ်သည်။ ၂၀၂၃ ခုနှစ် တွင် ရုရှားသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ငါးနှင့်ရေထွက်ကုန်တင်သွင်းမှုပမာဏသည် တန်ဖိုး ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိခဲ့သည်။

ရုရှားမှ အဓိကတင်သွင်းသော ရေထွက်ကုန်အမျိုးအစားများမှာ အေးခဲငါးများ အပါအဝင် Vannamei ပုစွန်၊ salmon နှင့် ပြည်ကြီးငါးများဖြစ်သဖြင့် မြန်မာနိုင်ငံမှ Vannamei ပုစွန်များအား ရုရှားနိုင်ငံသို့ တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေကြောင်း သိရသည်။Source : https://tass.ru/ekonomika/21887361, (စီးပွားရေးသံမှူး၊ မော်စကိုမြို့)
Source: https://myantrade.gov.mm/article/Naypyitawstp_240920240135

## ရုရှားသည် အိန္ဒိယမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ တင်သွင်းမှု သုံးပုံတစ်ပုံ တိုးလာ

ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း(ဇန်နဝါရီလမှ ဇွန်လအထိ) အိန္ဒိယနိုင်ငံမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ တင်သွင်းမှု သုံးပုံတစ်ပုံ တိုးလာခဲ့ပြီး ကော်ဖီကို သိသိသာသာ ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

အစီရင်ခံကာလအတွင်း ရုရှားသည် အိန္ဒိယမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များကို အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၈ သန်းခန့် တင်သွင်းခဲ့ပြီး ယင်းသည် ၂၀၂၃ ခုနှစ် အလားတူကာလထက် သုံးပုံ တစ်ပုံနီးပါး ပိုများခဲ့သည်။ ၂၀၂၄ ခုနှစ် ဇွန်လအတွက် တင်သွင်းမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ သန်းရှိပြီး ယခင်နှစ် ဇွန်လထက် ၃၂ ရာခိုင်နှုန်း ပိုများခဲ့သည်။

၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း ရုရှားသည် အိန္ဒိယမှ ကော်ဖီတင်သွင်းမှု ဒေါ်လာ ၁၂ သန်းအထိ ၂ ဆတိုးတက်ခဲ့သည်။ လက်ဖက်ခြောက်တင်သွင်းမှုသည် ဒေါ်လာ ၄၃ သန်းရှိကာ ၂၀ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ဂျင်း(ချင်း)၊ နနွင်း၊ စမုန်နက်စေ့၊ ငရုတ်ကောင်း၊ သစ်ကြံပိုးခေါက် စသည့် ဟင်းခတ်အမွှေးအကြိုင်များ တင်သွင်းမှုသည် ဒေါ်လာ ၈ သန်းခန့်ရှိသည်။ အိန္ဒိယ၏ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ ဝယ်ယူ တင်သွင်းသည့်နိုင်ငံများအနက် ရုရှားသည် ၁၁ နေရာ၌ တည်ရှိပြီး အများဆုံးတင်သွင်းသည့် နိုင်ငံသည် တရုတ်ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီပမာဏတန်ချိန် ၁၀၁,၈၂၄ တင်သွင်းခဲ့ပြီး အဓိက တင်သွင်းသောနိုင်ငံများမှ ဘရာဇီး၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ အီတလီနှင့် အက်စ်တိုးနီးယားစသည့် နိုင်ငံများဖြစ်သည်။ ရုရှား၏ လက်ဖက်ခြောက်တင်သွင်းမှုပမာဏတန်ချိန်မှာ ၉၆,၀၉၂ ဖြစ်ပြီး အဓိကတင်သွင်းသော နိုင်ငံများမှ အိန္ဒိယ၊ သီရိလင်္ကာ၊ တရုတ်၊ ကင်ညာနှင့် အင်ဒိုနီးရှား စသည့်နိုင်ငံတို့ဖြစ်သည်။

အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ရုရှားနိုင်ငံသည် ၎င်း၏ကုန်သွယ်ရေးလုပ်ငန်းများကို အာရှ-ပစိဖိတ်နိုင်ငံများဘက်သို့ ဦးတည်ပြောင်းလဲမှုများပြုလုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ကော်ဖီနှင့် လက်ဖက်ခြောက်ထုတ်ကုန်များတင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေကြောင်း သိရသည်။

Source : https://ria.ru/20240901/import-1969814158.html

(ခွန်မျိုးသူ ၊စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/NayPyitaw-130920241200

## ရုရှားတွင် ကော်ဖီဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်း

လက်ရှိတွင် ရုရှားနိုင်ငံ၌ အာရေးဗီကားကော်ဖီ(Arabica)၏ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆,၀၀၀ ဝန်းကျင်သို့ ရောက်ရှိနေပြီး ၁၃ နှစ်အတွင်း အမြင့်ဆုံးဈေးဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လတွင် ကော်ဖီအဓိကထုတ်လုပ်သော ဘရာဇီးနိုင်ငံ၌ ရာသီဥတုဆိုးဝါးမှုကြောင့် ကော်ဖီဈေးနှုန်းသည် ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း၊ အာရေးဗီကားနေရာ၌ ရိုဘတ်စတာ(Robusta)ဖြင့်အစားထိုးရန် ကြိုးပမ်းမှုကြောင့်လည်း အာရေးဗီကားဈေးနှုန်းကို မြင့်တက်စေကြောင်း ရုရှား လက်ဖက်ခြောက်နှင့် ကော်ဖီထုတ်လုပ်သူများအသင်း “Roschaykofe”၏ ဥက္ကဋ္ဌ Mr. Ramaz Chanturia က ပြောကြားခဲ့သည်။

ယခုအခါ ကမ္ဘာ့ကော်ဖီဈေးနှုန်းများ ကြီးမြင့်သည့်အခြေအနေတွင်ရှိနေပြီး ကုန်ကြမ်းစရိတ်ကြီးမြင့်မှုဆီသို့ ဦးတည်နေသည့် အလားအလာမှာထင်ရှားနေကြောင်း၊ ယင်းကြောင့် ကော်ဖီကုန်ကြမ်းများသည် မဝေးတော့သော အနာဂတ်တွင် ဈေးနှုန်း မြင့်တက်လာမည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်များသည် ပြီးခဲ့သည့် ၂/၃ နှစ်ထက်စာလျှင် အတော်လေး မြင့်တက်လာနိုင်သည့်အတွက် ပြင်ဆင်ထားရန်လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

စတိုးဆိုင်များရှိ ကော်ဖီဈေးနှုန်းသည် ကုန်ကြမ်းကုန်ကျစရိတ်အပြင် ငွေကြေးလဲလှယ်နှုန်း၊ စွမ်းအင်အခွန်အခနှင့် အခြားအခွန်အခများ၊ လက်လီရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ် စသည့်အကြောင်းခံ များစွာပေါ်မူတည်လျက်ရှိကြောင်း၊ ကုန်ကြမ်းကုန်ကျစရိတ်များ မြင့်တက်လာလျှင် ကော်ဖီကုန်ချောထုတ်လုပ်ရန် ကုန်ကျစရိတ်လည်း မြင့်တက်လာလိမ့်မည်ဖြစ်ပြီး စားသုံးသူများအတွက် နောက်ဆုံးဈေးနှုန်းလည်း မြင့်တက်လာမည်ဖြစ်ကြောင်း Mr. Ramaz Chanturia က မှတ်ချက်ပြုသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီပမာဏတန်ချိန် ၁၀၁,၈၂၄ တင်သွင်းခဲ့ပြီး အဓိက တင်သွင်းသောနိုင်ငံများမှ ဘရာဇီး၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ အီတလီနှင့် အက်စ်တိုးနီးယား စသည့်နိုင်ငံများဖြစ်သည်။ ရုရှားနိုင်ငံသည် ရာသီဥတု အခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ ကော်ဖီအသားတင် တင်သွင်းသည့် နိုင်ငံဖြစ်သည့်အပြင် ကော်ဖီသုံးစွဲမှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်းသိရသည်။

Source: https://ria.ru/20240917/kofe-1973085597.html, (စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_240920240130

## ဗီယက်နမ်နိုင်ငံမှ အုန်းသီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့် ရရှိခဲ့

တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ပိုးမွှားကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ဗီယက်နမ်နိုင်ငံမှ လတ်ဆတ်သော အုန်းသီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဟု ၎င်း၏ ဝက်ဘ်ဆိုဒ်၌ ကြေညာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ အုန်းသီးကို အလယ်ပိုင်းကမ်းရိုးတန်းပြည်နယ်များနှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသများတွင် အဓိက စိုက်ပျိုးကြပြီး စိုက်ပျိုးဧရိယာ ဟက်တာ ၂၀၀,၀၀၀ နီးပါးနှင့် နှစ်စဉ် ထုတ်လုပ်မှုတန်ချိန် ၂ သန်း ခန့်ရှိပြီး ကမ္ဘာပေါ်တွင် အဆင့် ၇ နေရာတွင်ရှိကြောင်း၊ ဗီယက်နမ်သည် အုန်းသီးကို အဓိကဈေးကွက်များဖြစ်သည့် ဥရောပ၊ အမေရိက၊ အရှေ့အလယ်ပိုင်း၊ ဂျပန်နှင့် တောင်ကိုရီးယား အပါအဝင် နိုင်ငံနှင့်ဒေသပေါင်း ၉၀ သို့ တင်ပို့လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်၏

လတ်ဆတ်သောအုန်းသီးနှင့် ဆက်စပ်ထုတ်ကုန်များ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၄၃ သန်းရှိခဲ့ကြောင်း သိရသည်။

GACC ၏ ကြေညာချက်အရ ဗီယက်နမ်မှ အညှာအရှည် ၅ စင်တီမီတာထက်မပိုသော အုန်းသီးစိမ်းနှင့် အခွံခွာထားသော အုန်းသီးများကို တင်သွင်းခွင့်ပြုထားကြောင်း၊ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ တင်သွင်းမည့် လတ်ဆတ်သောအုန်းသီးများတွင် the spiraling whitefly (Aleurodicus dispersus)၊ white mango scale (Aulacaspis tubercularis)၊ coconut hispine beetle (Brontispa longissima)၊ rubber termite (Coptotermes curvignathus)၊ mealybug Dysmicoccus lepelleyi၊ gray pineapple mealybug (Dysmicoccus neobrevipes)၊ mango shield scale (Milviscutulus mangiferae)၊ coconut black-headed caterpillar (Opisina arenosella)၊ palm mealybug (Palmicultor palmarum)၊ coffee mealybug (Planococcus lilacinus)၊ red palm weevil (Rhynchophorus ferrugineus)၊ stellate scale (Vinsonia stellifera)၊ diplodia pod rot of cocoa (Lasiodiplodia theobromae)၊ white root disease of rubber (Rigidoporus microporus)၊ devil weed (Chromolaena odorata) နှင့် bitter vine (Mikania micrantha) အမျိုးအစား ပိုးမွှားစုစုပေါင်း ၁၆ မျိုးကို စိုးရိမ်ရသော ပိုးမွှားများအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ လတ်ဆတ်သောအုန်းသီးများ တင်ပို့ရောင်းချမည့်ဥယျာဉ်ခြံများသည် ခြေရာခံသည့် စနစ်တစ်ခုကိုထားရှိ၍ ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းပညာများကို လိုက်နာရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့မည့် လတ်ဆတ်သော အုန်းသီးများတွင် အင်းဆက်ပိုးမွှားများ၊ ပုပ်နေသောအသီးများ၊ အကိုင်းအခက်များ၊ အရွက်များ၊ အမြစ်များနှင့် မြေဆီလွှာများ မရှိစေရန်အတွက် ထုပ်ပိုးခြင်းလုပ်ငန်းစဉ်တွင် ရောဂါရှိသော (သို့မဟုတ်) ပုံပျက်နေသော အသီးအနှံများကို ဖယ်ရှားခြင်း၊ ခွဲထုတ်ခြင်း၊ အမျိုးအစားခွဲခြင်းနှင့် သန့်ရှင်းရေးများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါ လတ်ဆတ်သောအုန်းသီးများသည် တရုတ်အာဏာပိုင်များ၏ သစ်သီးတင်သွင်းမှုအတွက် ခွင့်ပြုထားသော ဆိပ်ကမ်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

Source: https://www.producereport.com/article/fresh-vietnamese-coconuts-granted-china-market-access

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source : https://myantrade.gov.mm/article/Naypyitawstp-090920240350

## ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ ဒူးရင်းသီး တင်သွင်းမှုအတွက် ဒုတိယအကြီးဆုံး ဝင်ပေါက်ဖြစ်လာ

ယူနန်ပြည်နယ်မှ ဒူးရင်းသီးတင်သွင်းမှုသည် ယခုနှစ် ပထမနှစ်ဝက်တွင် မက်ထရစ်တန် ၁၅၁, ၀၀၀ ရှိခဲ့ ပြီး ၂၀၂၃ ခုနှစ်၊ အလားတူကာလထက် ၂၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် သွင်းကုန်တန်ဖိုးသည် ၂၄ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တရုတ်ယွမ် ၅ ဒသမ ၀၃ ဘီလီယံ (အမေရိကန် ဒေါ်လာ ၇၀၇ သန်း)ရှိခဲ့ကာ တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှု စုစုပေါင်းတန်ဖိုး၏ ၁၇ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ ယခင်နှစ် ပထမနှစ်ဝက်တွင် ဒူးရင်းသီး တင်သွင်းမှုစုစုပေါင်းတန်ဖိုး၏ ၁၅ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခုကဲ့သို့တိုးတက်လာခြင်းဖြစ်ကြောင်း၊ ဒူးရင်းသီးတင်သွင်းမှုပမာဏနှင့် တန်ဖိုးနှစ်ခုစလုံးသည် တရုတ်နိုင်ငံ၏ ပြည်နယ်များအကြားတွင် ဒုတိယနှင့် တရုတ်နိုင်ငံအနောက်ပိုင်းတွင် ပထမဖြစ်လာကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ယူနန်ပြည်နယ်သည် ထိုင်းနိုင်ငံမှ ဒူးရင်းသီး မက်ထရစ်တန် ၉၂,၀၀၀ တင်သွင်းခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ ယွမ် ၃ ဒသမ ၄၃ ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၈၂ သန်း) ရှိကြောင်း၊ ဤပမာဏသည် တရုတ်နိုင်ငံသို့ ထိုင်းဒူးရင်း တင်သွင်းမှုအားလုံး၏ ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ကွမ်တုန်းပြည်နယ်ပြီးလျှင် ဒုတိယမြောက်အများဆုံးဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ဗီယက်နမ်မှ ဒူးရင်းသီး တင်သွင်းမှုသည် စုစုပေါင်း မက်ထရစ်တန် ၅၉,၀၀၀ ရှိကာ တန်ဖိုးယွမ် ၁ ဒသမ ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၂၅ သန်း)ရှိပြီး တရုတ်နိုင်ငံသို့ ဗီယက်နမ်မှ ဒူးရင်းသီးတင်သွင်းမှုစုစုပေါင်း၏ ၂၀ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ပထမ အဆင့်တွင်ရှိကြောင်း၊ ရထားလမ်း၊ ကားလမ်းနှင့် မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးကဲ့သို့သော သယ်ယူပို့ဆောင်ရေးပုံစံအမျိုးမျိုးသည် ယူနန်ပြည်နယ်၏ ဒူးရင်းသီးတင်သွင်းမှု အရှိန်အဟုန်ဖြင့် တိုးတက်မှုကို အထောက်အကူဖြစ်စေကြောင်း သိရသည်။

တရုတ်-လာအို ရထားလမ်း စတင်ဖွင့်လှစ်ပြီးကတည်းက ယူနန်ပြည်နယ်၏ ဒူးရင်းသီး တင်သွင်းမှုသည် သိသိသာသာတိုးတက်လာခဲ့ကြောင်း၊ အကောက်ခွန်အချက်အလက်များအရ ရထားလမ်းကြောင်းမစတင်မီ ၂၀၂၁ ခုနှစ်တွင် ယူနန်ပြည်နယ်၏ ဒူးရင်းသီးတင်သွင်းမှုသည် တရုတ်တစ်နိုင်ငံလုံးစုစုပေါင်း၏ ၇ ဒသမ ၇ ရာခိုင်နှုန်း သာရှိပြီး တရုတ်နိုင်ငံတွင် အဆင့် ၅ နေရာတွင်ရှိကြောင်း သိရသည်။

ရထားလမ်းစတင်ဖွင့်လှစ်ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ယူနန်ပြည်နယ်၏ ဒူးရင်းသီး တင်သွင်းမှုသည် တစ်နိုင်ငံလုံး၏ ၁၄ ဒသမ ၄ ရာခိုင်နှုန်းရှိ၍ နှစ်ဆနီးပါးတိုးလာပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒုတိယနေရာ သို့ ရောက်ရှိလာခဲ့ကြောင်း၊ တရုတ်-လာအို ရထားလမ်းကြောင်းတွင် ပြေးဆွဲနေသည့် Lancang-Mekong Express ကုန်စည်ရထားသည် ထိုင်းဒူးရင်းသီး အမြောက်အမြားကို တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးကာ ယူနန်ပြည်နယ် မိုဟန်ဆိပ်ကမ်းသည် တရုတ်ဈေးကွက်သို့ သစ်သီးများ ဝင်ပေါက်အဖြစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်တွင် တရုတ်-လာအို မီးရထားလမ်းမှတစ်ဆင့် ဒူးရင်းသီး တန်ချိန် ၆၀,၀၀၀ သယ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၁၁၅ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ သွင်းကုန်တန်ဖိုးမှာ ယွမ်ငွေ ၂ ဒသမ ၂၈ ဘီလီယံ (အမေရိကန် ဒေါ်လာ သန်း ၃၂၀)ရှိကာ အလားတူကာလထက် ၁၄၀ ဒသမ၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

ထို့ပြင် ယူနန်ပြည်နယ်တွင် တည်ရှိသည့် တရုတ်-ဗီယက်နမ်နယ်စပ်ရှိ အဓိကကုန်းလမ်းဖြစ်သည့် Hekou နယ်စပ်ဂိတ်မှတစ်ဆင့် ဗီယက်နမ်ဒူးရင်းသီးအမြောက်အမြားကို တရုတ်နိုင်ငံသို့ တင်သွင်းလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂ နှစ်အတွင်း Hekou ဂိတ်မှတစ်ဆင့် ဗီယက်နမ်ဒူးရင်းသီး တင်သွင်းမှုသည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ဗီယက်နမ်ဒူးရင်းသီး လတ်လတ်ဆတ်ဆတ်များကို ဈေးကွက်သို့ တရားဝင် ဝင်ရောက်ခွင့်ပြုခဲ့ပြီး ပထမအသုတ်ကို ထိုနှစ် အောက်တိုဘာလတွင် Hekou ဂိတ်မှတစ်ဆင့် တင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါဂိတ်သည် ၎င်း၏တည်နေရာအားသာချက်ကြောင့် တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှု အများဆုံးနေရာတစ်ခု ဖြစ်လာကြောင်း၊ ယူနန်ပြည်နယ်သည် ယခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ်ဒူးရင်းသီး မက်ထရစ်တန်ချိန် ၅၉,၀၀၀ တင်သွင်းခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၂၇၀ ဒသမ ၇ ရာခိုင်နှုန်းတိုးလာကာ စုစုပေါင်းတင်သွင်းမှု တန်ဖိုးယွမ် ၁ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၂၅ သန်း)ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၅၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းမည့် သစ်သီးများအတွက် မကြာသေးမီက ခွင့်ပြုခဲ့သော ယူနန်ပြည်နယ် Guanlei မြစ်ဆိပ်ကမ်းသည် လန်ချန်း-မဲခေါင်မြစ်တစ်လျှောက်မှ ဒူးရင်းသီးများ တင်သွင်းရာတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း၊ အဆိုပါ ဆိပ်ကမ်းသည် ယူနန်ပြည်နယ်သို့ ရေကြောင်းမှတင်သွင်းသည့် သစ်သီးဝလံများကို စစ်ဆေးရန် သတ်မှတ်ထားသော တစ်ခုတည်းသော စစ်ဆေးရေးနေရာဖြစ်ကြောင်း သိရသည်။

ရေလမ်းဖြင့် ပထမဆုံးတင်ပို့သည့် ဒူးရင်းသီးများသည် ထိုင်းနိုင်ငံ ချင်းဆန်ဆိပ်ကမ်းမှ မြစ်အထက်ပိုင်းသို့ဆန်တက်လာပြီး Guanlei ဆိပ်ကမ်းသို့ ၂ ရက်အကြာတွင် ရောက်ရှိလာခဲ့ကြောင်း၊ Guanlei ဆိပ်ကမ်းမှ တစ်ဆင့် တင်သွင်းလာသော သစ်သီးဝလံအများစုမှာ ထိုင်းနှင့် အခြားအာဆီယံနိုင်ငံများမှ ထွက်ရှိသော ဒူးရင်းသီး၊ မင်းဂွတ်သီးနှင့် လောင်ဂန်သီးများဖြစ်ကြောင်း၊ ဤဆိပ်ကမ်းမှတစ်ဆင့် သစ်သီးတင်သွင်းမှုသည် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် ၁၅၀,၀၀၀ နှင့် ၂၀၃၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၃၀၀,၀၀၀ သို့ရောက်ရှိရန် ခန့်မှန်း ထားကြောင်း သိရသည်။

Source: https://www.producereport.com/article/yunnan-booms-chinas-second-largest-gateway-durian-imports

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source : https://myantrade.gov.mm/article/Naypyitawstp-090920240400

## ဘင်္ဂလားဒေ့ရှ်တွင်ရေကြီးမှုများကြောင့် အထည်ချုပ်လုပ်ငန်းများအတွက် ချည်ထည်များ ပြတ်တောက်

ကမ္ဘာ့အဝတ်အထည်ထုတ်လုပ်မှု အများဆုံးနိုင်ငံတွင်ပါဝင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထည်ချုပ်စက်ရုံများသည် ရေကြီးမှုကြောင့် ချည်ထည်ပစ္စည်းများ ပြတ်လပ်သွားပြီး အမှာစာများအချိန်မီ ပြီးစီးရန် ရုန်းကန်နေရသည်။ ဘင်္ဂလားဒေ့ရှ်သည် ကြီးမားသော အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းကြောင့် ကမ္ဘာ့ချည်ထည် ထိပ်တန်းတင်သွင်းသည့်နိုင်ငံဖြစ်သော်လည်း ရေကြီးမှုကြောင့် စစ်တကောင်းဆိပ်ကမ်းမှ ကုန်တင်ကားနှင့် မီးရထားအချို့သာ စက်ရုံများသို့ သွင်းကုန်များ ပို့ဆောင်နိုင်ခဲ့ကြောင်း လုပ်ငန်းဆောင်ရွက်သူများနှင့် လေ့လာသုံးသပ်သူများက ဆိုသည်။

ဆူပူအုံကြွမှုများကြားမှ ထပ်မံရေကြီးမှုများကြောင့် ယခုလအစောပိုင်းတွင် စက်ရုံပိတ်သိမ်းမှုများရှိခဲ့ပြီး အထည်ထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အထည်ချုပ်လုပ်ငန်းအနေဖြင့်အချိန်မီပြီးစီးရန် ပြင်းထန်သော ဖိအားများနှင့် တွေ့ကြုံနေရပြီးမြန်မြန်ဆန်ဆန်ဖြေရှင်းမပေးပါကထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်သည်ပိုမိုဆိုးရွားသွားမည်ဖြစ်ကြောင်း၊ဘင်္ဂလားဒေ့ရှ် သိုးမွေးထည်ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ Mohammad Hatem က ပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏အဆိုအရ ဘင်္ဂလားဒေ့ရှ်သည် ၂၀၂၃ ခုနှစ်က အဝတ်အထည်တန်ဖိုး ကန်ဒေါ်လာ ၃၈ ဒသမ ၄ ဘီလီယံ တင်ပို့ခဲ့ပြီး တရုတ်နှင့် ဥရောပသမဂ္ဂပြီးလျှင် ကမ္ဘာ့တတိယအကြီးဆုံး တင်ပို့သည့် နိုင်ငံဖြစ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ် အထည်ချုပ်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဟောင်းတစ်ဦးက တစ်ရက်လျှင် ၅ ဒေါ်လာတန် အင်္ကျီအထည် ၅၀,၀၀၀ ထုတ်လုပ်သည့် အလတ်တန်းစားကုမ္ပဏီတစ်ခုအနေဖြင့် ထုတ်လုပ်မှုတန်ဖိုး ဒေါ်လာ ၂၅၀,၀၀၀ ဆုံးရှုံးကြောင်း၊ အထည်ချုပ်စက်ရုံအချို့သည် ပြန်လည်ထုတ်လုပ်မှု စတင်ရန် နှေးကွေးနေပြီးနောက်ထပ် ၆ လ အတွင်း လုပ်ငန်းများပြန်လည်လည်ပတ်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်အထည်ချုပ်ဈေးကွက်၏ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသည် အခြားနိုင်ငံများသို့ ရောက်ရှိသွားနိုင်ကြောင်း ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်၏ စုစုပေါင်းပို့ကုန်ဝင်ငွေ ၈၀ ရာခိုင်နှုန်းရရှိနေသည့် အသင့်ဝတ်အထည်ချုပ်လုပ်ငန်းသည် ကမ္ဘာ့နာမည်ကြီးဖက်ရှင်တံဆိပ်များစွာကို ချုပ်လုပ်နေရသည်။ အမှာစာများနှောင့်နှေးနိုင်သောကြောင့် အထည်အပ်သူများက သတိထားဆောင်ရွက်နေကြပြီး ယခုကဲ့သို့ မသေချာမှုများ ဆက်လက်ကြာမြင့်နေပါက ယခင်ကတည်းက တည်ဆောက်ခဲ့သည့် အချိန်အဟုန်အပေါ် စိန်ခေါ်မှုများရှိလာနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ် အထည်ချုပ်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ စက်မှုလုပ်ငန်းအဖွဲ့၏ ဒါရိုက်တာတစ်ဦးက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်မိုးလေဝသဌာနအဆိုအရ ရေကျဆင်းမှုနှုန်းနည်းကာ မုတ်သုံမိုးဆက်လက်ရွာသွန်းနေပါက ရေကြီးရေလျှံမှုဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး ကုန်စည်ဆိုင်ရာလေ့လာသူများက ချည်ထည်တင်ပို့မှုအချို့သည် အိန္ဒိယ၊ ပါကစ္စတန်နှင့် ဗီယက်နမ်တို့ သို့ရောက်ရှိသွားနိုင်ကြောင်း ပြောကြားခဲ့သည်။ ပါကစ္စတန်နှင့် ဗီယက်နမ်တို့သို့ ချည်ထည် အချို့ပေးပို့လိုက်ရကြောင်း နယူးဂျာစီအခြေစိုက် VLM Commodities မှ လေ့လာသုံးသပ်သူတစ်ဦးက ဆိုသည်။ ဘင်္ဂလားဒေ့ရှ်ဘက်မှ ရောက်ရှိလာသော အမှာစာအသစ်များကို အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင်ထားပေးနိုင်ကြောင်း အိန္ဒိယချည်ထည်အသင်း ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် သိုးမွေးထည်ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌက နိုင်ငံ၏အထည်ချုပ်လုပ်ငန်းသည် ရေကြီးမှုမဖြစ်မီကပင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရကြောင်းပြောကြားခဲ့သည်။

ရင်းမြစ်။ nikkei.asia

Source :https://commerce.gov.mm/my/article/update-news-international-trade/

## အိန္ဒိယအစိုးရက သကြားအနည်းဆုံးရောင်းချဈေးနှုန်း(MSP)နှင့်အီသနောဈေးနှုန်းများကိုမြှင့်တင်ရန်စဉ်းစားလျက်ရှိ

အိန္ဒိယအစိုးရသည်အီသနောဈေးနှုန်းများတိုးမြှင့်ခြင်း၊ သကြားရောင်းချမှုအနည်းဆုံးဈေးနှုန်း (Minimum Selling Price -MSP) မြှင့်တင်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ရာသီအတွက် သကြားတင်ပို့မှုများကို ပြန်လည်သုံးသပ်ရန် စဉ်းစားနေကြောင်း ယင်းကိစ္စနှင့်သက်ဆိုင်သည့် ရေနံဝန်ကြီးဌာနနှင့်လည်း ဆက်သွယ်ဆွေးနွေးလျက်ရှိကြောင်း စားနပ်ရိက္ခာဝန်ကြီး Pralhad Joshi က စက်တင်ဘာလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

သကြားတင်ပို့မှုနှင့် ပတ်သက်၍ Joshi က လာမည့်နှစ်၏ ထုတ်လုပ်မှုနှင့် သကြားရရှိနိုင်မှုကိုကြည့်ပြီးနောက် ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သကြားဈေးနှုန်းညှိနှိုင်းရေးကော်မတီသည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ကာ ပြောင်းလဲခြင်းမရှိသော သကြားအနိမ့်ဆုံးရောင်းဈေးတစ်ကီလိုလျှင် ၃၁ ရူပီးကိုတိုးမြှင့်ရန် အဆိုပြုချက်ကို ညှိနှိုင်းနေသည်ဟုလည်း ဝန်ကြီးကပြောကြားခဲ့သည်။ Joshi သည် မုတ်သုံလေအခြေနေကို ကိုးကား၍ အောက်တိုဘာလမှ စတင်မည့် ၂၀၂၄-၂၀၂၅ ရာသီအတွက် သကြားထုတ်လုပ်မှုမှာ ကောင်းမွန်မည်ဟု ခန့်မှန်းထားကြောင်းလည်း သိရသည်။

အိန္ဒိယအစိုးရမှသတ်မှတ်ထားသော အီသနောဈေးနှုန်းများသည် ၂၀၂၂-၂၀၂၃ ခုနှစ် (နိုဝင်ဘာမှ အောက်တိုဘာလ) မှစတင်၍ မြှင့်တင်ထားခြင်းမရှိသေးဘဲ ကြံရည်၊ B-Heavy တင်လဲရည်နှင့် C-Heavy တင်လဲရည်တို့မှထုတ်လုပ်သော အီသနောများ၏ လက်ရှိနှုန်းထားများမှာ တစ်လီတာလျှင် ၆၅ ဒသမ ၆၁ ရူပီး၊ ၆၀ ဒသမ ၇၃ နှင့် ၅၆ ဒသမ ၂၈ ရူပီး အသီးသီးဖြစ်ကြောင်းသိရသည်။

Source: Govt mulls hike in sugar MSP, ethanol prices, The Economic Times,

(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_021020241030

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ဥယျာဉ်ကျေးရွာ၌ မိုးနှမ်းဈေးနှုန်း ကောင်းမွန်၍ တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ ပန်းတော်ပြင်ကျေးရွာအုပ်စုရှိ ဥယျာဉ်ကျေးရွာတွင် စပါး၊ နှမ်း၊ ပဲမျိုးစုံနှင့် စားဖိုဆောင်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး မိုးနှမ်း ၂၅၀ ဧက စိုက်ပျိုးထားရှိ ကြောင်း၊ နှမ်းကို မေလတွင် စိုက်ပျိုးပြီး ဩဂုတ်လတွင် ရိတ်သိမ်းပြီးစီးကြောင်း သိရသည်။

မျိုးအနေဖြင့် နှမ်းဖြူမျိုးကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုး ၃ ပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်အားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃ သိန်းခန့် ကုန်ကျပြီး တစ်ဧကလျှင် ၁၀-၁၃ တင်းခန့် ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်း ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်း အနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၁၂၇,၀၀၀-၁၃၅,၀၀၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၀ သိန်းခန့်ရရှိ ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အနေဖြင့် နှမ်းသီးနှံများကို အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် မန္တလေး မြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့ကြောင်း၊ အထက်မင်းလှမြို့နယ်၌ ယခုနှစ် မိုးနှမ်းစိုက်ပျိုးမှုတွင် အထွက်နှုန်းလျော့နည်းသော်လည်း ပြည်တွင်း စားသုံးမှု မြင့်မားပြီး ပြည်ပဝယ်လိုအားကောင်းကာ ဈေးကွက်ခိုင်မာမှုရှိသော နှမ်းသီးနှံများ ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်ဖြစ် လျက်ရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

DOCA (မကွေး)

Source : https://commerce.gov.mm/my/article/update-news-local-trade/

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်တွင် အစေ့ထုတ်ပြောင်းသီးနှံများ စတင်ရိတ်သိမ်းလျက်ရှိ

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည့် နိုင်ငံဖြစ်သည်နှင့်အညီ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကန့်ဘလူခရိုင်သည်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင် သော ဒေသတစ်ခုဖြစ်သည်။ ယခုအခါ ကန့်ဘလူခရိုင်၏ အဓိကစိုက်ပျိုးသီးနှံတစ်ခုဖြစ်သည့် အစေ့ထုတ်ပြောင်းများ စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို မေလကုန်တွင်စတင်စိုက်ပျိုးပြီး စက်တင်ဘာလဆန်းမှစတင်၍ ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာ တွင် မျိုးအနေဖြင့် C.P.808 နှင့် C.P.888 မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး၊ စိုက်ပျိုးမှုအတွက် မျိုး၊သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၆၈၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၄၉ တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ တတိယပတ်တွင် အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ငွေကျပ် ၂၆,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အကျိုးအမြတ်အနေဖြင့် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် ငွေကျပ် ၅၉၀,၀၀၀ ခန့်အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက် အနေဖြင့် ရွှေဘိုမြို့၊ မန္တလေးမြို့များရှိပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအပတ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော အစေ့ထုတ်ပြောင်းဈေးနှုန်းများသည် ယခင်နှစ်ကာလတူထက် ဈေးကောင်း ရရှိသောကြောင့် စိုက်ပျိုးသူများအနေဖြင့် ထိုက်သင့် သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

Source: https://www.doca.gov.mm/

Source : https://myantrade.gov.mm/article/naypyitaw_24092024_1200

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လာ

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင် များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူးက ပြောပြ၍ သိရသည်။ ပဲ၊ ပြောင်း၊ နှမ်း စသည့် ကုန်စည် များထဲတွင် ယခင်က နှမ်းနှင့် ပဲဇီးကွက်မှာ ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေ ခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့် ပဲဇီးကွက်ကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင်ရှိနေကြောင်း သိရသည်။ နှမ်းနဲ့ ပဲဇီးကွက်က အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ

အရောင်းအဝယ်အေးနေခဲ့သည်။ ယခုလက်ရှိတွင် အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာသည်။ ဒါ့ပြင် အခြားကုန်စည်တွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေတယ်" ဟု အတွင်းရေးမှူးက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၈၀,၀၀၀၊ နှမ်းဖြူသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၉၀,၀၀၀၊ ပဲဇီးကွက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ၁.၁၀.၂၀၂၄ နေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၃,၀၀၀၊ ကုလားပဲ(V7)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၅,၀၀၀၊ ကုလားပဲ(TW) သုံး တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၆,၀၀၀၊ ကုလားပဲ(929)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

Source: ရတနာပုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_01102024_1000

## ကျောက်ဆည်ခရိုင်၌ မိုးနေကြာ ရိတ်သိမ်းပြီးစီးမှုနှင့် ဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ ၂၀၂၄ ခုနှစ်တွင် မိုးနေကြာစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၃,၀၈၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂,၈၆၁ ဧက၊ မြစ်သားမြို့နယ်တွင် ၉၉၂ ဧက၊ စုစုပေါင်း ၆,၉၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးနေကြာသီးနှံကို သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ဇွန်လတွင် စတင်စိုက်ပျိုး၍ စက်တင်ဘာလတွင် မိုးနေကြာများရိတ်သိမ်းပြီးဖြစ်ကြောင်း၊ နေကြာသီးနှံကို မိုးနေကြာနှင့် ဆောင်းနေကြာဟူ၍စိုက်ပျိုးပြီး မျိုးအနေဖြင့် ဆင်းရွှေကြာ-၁ မျိုးနှင့် ဆင်းရွှေကြာ-၂ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၅၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၅-၂၇ တင်း ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှု အပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နေကြာတစ်တင်းလျှင် ငွေကျပ် ၆၀,၀၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀,၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် နေကြာသီးနှံများကို မြို့ပေါ်ရှိ ပွဲရုံများသို့တင်ပို့ရောင်းချကြပြီး ပွဲရုံများမှ တစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁,၂၅၀,၀၀၀ ခန့် ရရှိကြောင်း၊ နေကြာသီးနှံ စိုက်ပျိုးခြင်းသည် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာပြီး မိသားစုစားသုံးဆီဖူလုံသည့်အပြင် အကျိုးအမြတ်များ ရရှိသောကြောင့် နေကြာသီးနှံများကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

Source: https://commerce.gov.mm/my/article/update-news-local-trade/

# ပြည်ပကုန်သွယ်မှုသတင်း

## ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇၁၀၀၀၀ ကျော်တင်ပို့ထား

ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲတန်ချိန် ၇၁၀,၀၀၀ ကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ စာရင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ သြဂုတ်လကုန်အထိ ငါးလတာကာလအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၇၁၀,၀၀၀ ကျော် တင်ပို့ခဲ့ခြင်းဖြစ်ကာ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၃ သန်း ကျော် ရရှိခဲ့သည်။

ထိုသို့တင်ပို့ရာတွင် ဆန်တန်ချိန် သုံးသိန်းခြောက်သောင်းကျော်နှင့် ဆန်ကွဲတန်ချိန် သုံးသိန်းငါးသောင်း ကျော်တင်ပို့ခဲ့ခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် သြဂုတ်လအတွင်း မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်အများဆုံးတင်ပို့ခဲ့ပြီး ဆန်ကွဲကို ဘယ်လ်ဂျီယံနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်းကျော်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်းကျော် တင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ရည်မှန်းထားကြောင်း သိရသည်။

Source : https://myawady.net.mm/node/55630

## ယခုနှစ်တွင် မြန်မာ့ထောပတ်သီးများကို စင်ကာပူနှင့် မလေးရှား နိုင်ငံတို့သို့ အဓိကထား တင်ပို့မည်

မြန်မာ့ထောပတ်သီးများကို ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက်များသို့ တင်ပို့လျက်ရှိရာ ယခုနှစ်တွင် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သို့ အဓိကထား တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

မြန်မာနိုင်ငံ၌ Hass၊ Buccaneer ၊ 034 နှင့် အမရာ စသည့် ထောပတ်သီးမျိုးများကို အဓိကထား စိုက်ပျိုးပြီး ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ပြည်ပနိုင်ငံတချို့မှလည်း မြန်မာ့ထောပတ်သီးများကို ဝယ်ယူရန် ကမ်းလှမ်းမှုများ ရှိလာကြောင်း သိရသည်။

"မြန်မာ့ထောပတ်သီးတွေကို ပြည်ပတင်ပို့တဲ့အခါ စင်ကာပူနဲ့ မလေးရှားနိုင်ငံတို့ဆိုရင်ထောက်ခံချက် လက်မှတ်တွေ မလိုအပ်ဘဲ တင်ပို့လို့ရတော့ ပိုပြီးအဆင်ပြေတယ်။ တခြားပြည်ပနိုင်ငံတွေကလည်း မြန်မာ့ထောပတ်သီးတွေကို ဝယ်ယူဖို့ ကမ်းလှမ်းထားတာတွေရှိတယ်။ အခု ပြည်ပကို တင်ပို့နေတဲ့ Hass ၊ Buccaneer ၊ 034 ၊ အမရာ စတဲ့ ထောပတ်သီးတွေက သူ့အချိန်နဲ့သူရောင်းကောင်းကြပါတယ်"ဟု မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်း၌ ကိုင်းဆက်စိုက်ပျိုးသည့် ပြည်ပထောပတ်သီးမျိုးများဖြစ်သော Hass နှင့် Buccaneer ထောပတ်သီးများကို ရန်ကုန်၊ မန္တလေးစသည့်ဈေးကွက်များက အဓိကထားဝယ်ယူကြကြောင်း၊ ယခုနှစ် ထောပတ်သီးရာသီတွင် ပြည်တွင်း၌ ထောပတ်သီးတန်ချိန် ၂၀၀၀ ဝန်းကျင်အထိ ထွက်ရှိရန်မျှော်မှန်းထားပြီး ထွက်ရှိလာသော ထောပတ်သီးများကို ပြည်တွင်း၌ အဓိကထားဖြန့်ဖြူးရောင်းချကာ ပိုလျှံသော ထောပတ်သီးများကို ပြည်ပဈေးကွက်သို့တင်ပို့ရန်စီစဉ်ထားကြောင်းသိရသည်။

လက်ရှိတွင် မြန်မာ့ထောပတ်သီးများကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်ကပါ ဝယ်လိုအားကောင်းလာသဖြင့် ထောပတ်သီးစိုက်ပျိုးသည့် တောင်သူများအနေဖြင့်လည်း ဈေးကွက်လိုအပ်ချက်ရှိသော ထောပတ်သီးမျိုးကို ဦးစားပေး စိုက်ပျိုးကြရန်မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှတိုက်တွန်းထားကြောင်းသိရသည်။

Source :https://myawady.net.mm/node/55748

# အထူးဆောင်းပါးများ

## အမေရိကန်ဒေါ်လာတန်ဖိုးပြောင်းလဲမှုနှင့် စီးပွားရေးအကျိုးဆက်များ

အမေရိကန်ဒေါ်လာကို ကမ္ဘာ့စီးပွားရေးတွင် ခိုင်မာသောအရန်ငွေကြေး၊ နိုင်ငံတကာကုန်သွယ်မှုအတွက် အဓိကသော့ချက်နှင့် ငွေကြေးဈေးကွက်၏စံညွှန်းတစ်ခုအဖြစ် လက်ခံသုံးစွဲကြသည်။ အမေရိကန်နိုင်ငံ ဗဟိုဘဏ်သည် နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေများကို ထိန်းကျောင်းရန်၊ ငွေကြေးဖောင်းပွမှုကိုလျှော့ချရန်နှင့် စီးပွားရေးတည်ငြိမ်စေရန် အတိုးနှုန်းများ ပြောင်းလဲခြင်းအပါအဝင် ငွေကြေးစီမံခန့်ခွဲမှုနည်းလမ်းများကို ကျင့်သုံးကြသည်။

ယေဘုယျအားဖြင့် ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်ရန် အတိုးနှုန်းများကို မြှင့်တင်လေ့ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ အတိုးနှုန်းသည် ၎င်းနိုင်ငံတွင် ငွေကြေးအတွက် ရင်းနှီးမြှုပ်နှံမှုအပေါ်မှ ပြန်ရငွေ ဖြစ်သည်။

အတိုးနှုန်းများ မြင့်တက်လာခြင်းကြောင့် အမေရိကန် ဒေါ်လာတန်ဖိုးသည် အခြားသောငွေကြေးများနှင့် နှိုင်းယှဉ်ပါက ပိုမိုအားကောင်းလာစေပြီး ကမ္ဘာတစ်ဝန်းမှ ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုဖြစ်စေသည်။ အမေရိကန်ဒေါ်လာတန်ဖိုးတက်ခြင်းကြောင့် အမေရိကန်ပို့ကုန်များကို နိုင်ငံတကာဈေးကွက်တွင် ပိုမိုဈေးကြီးစေပြီး သွင်းကုန်များအတွက် ဈေးသက်သာစေသည်။ ပြည်တွင်းဈေးကွက်တွင် သွင်းကုန်များအတွက် ဝယ်ယူနိုင်စွမ်းတိုးစေပြီး စက်မှုလုပ်ငန်းနှင့်ထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ်အကိုင်ဆုံးရှုံးမှုကဲ့သို့သော စီးပွားရေးအကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်။

ဗဟိုဘဏ်၏ မြင့်မားသောအတိုးနှုန်းများကြောင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်လျှော့ချရာတွင် အောင်မြင်မှုရခဲ့သော်လည်း စီးပွားရေးတိုးတက်မှုမှာ နှေးကွေးနေခဲ့သည်။ ထို့ကြောင့် အမြဲတမ်းလိုလားကြသည် မဟုတ်ပေ။ ဥပမာအားဖြင့် သမ္မတဟောင်းဒေါ်နယ်ထရန့်သည် အမေရိကန်ပို့ကုန်များအပေါ် ဒေါ်လာတန်ဖိုးမြင့်တက်ခြင်း၏ ကြီးမားသောအကျိုးသက်ရောက်မှုကို လွန်စွာစိုးရိမ်ကြောင်းဖော်ပြခဲ့သည်။ ဗဟိုဘဏ်သည် အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်အောင်ပြုလုပ်ခြင်းဖြင့် နိုင်ငံ၏

စီးပွားရေးကိုထိခိုက်စေခဲ့သည်ဟုစွပ်စွဲခဲ့သည်။ မကြာသေးမီလများအတွင်းကလည်း ဒေါ်နယ်ထရန့်နှင့် အပေါင်းအပါများသည် ဒေါ်လာတန်ဖိုးချပေးရန် တောင်းဆိုမှုများနှင့်ဆက်စပ်နေခဲ့သည်။

ဆယ်စုနှစ်နှစ်ခုအတွင်း အမေရိကန်ဒေါ်လာသည် အတက်အကျပြောင်းလဲမှုများ ရှိနေခဲ့သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် အခြားသော အဓိကငွေကြေးများနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။

ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုကို လျှော့ချနိုင်ရန် ၂၀၂၃ ခုနှစ် ဇူလိုင်လမှစ၍ အတိုးနှုန်းကို ၅ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၅၀ ရာခိုင်နှုန်းအတွင်း ထိန်းသိမ်းထားခဲ့သည်။

ဗဟိုဘဏ်အနေဖြင့် မြင့်မားသောအတိုးနှုန်းများကို လျှော့ချမည်မဟုတ်ဟူသည့် မျှော်လင့်ချက်များကြောင့် ၂၀၂၄ ခုနှစ် နှစ်လယ်အထိ ဒေါ်လာတန်ဖိုးခိုင်မာနေခဲ့သည်။ သို့သော် စက်တင်ဘာလတွင် ဗဟိုဘဏ်အတိုးနှုန်းဖြတ်တောက်မှု အလား အလာများနှင့်အတူ လာမည့်သီတင်းပတ်များအတွင်း ဒေါ်လာတန်ဖိုးကျဆင်းမည့် အခြေအနေများ ရင်ဆိုင်နေရသည်။

ဗဟိုဘဏ်သည် အတိုးနှုန်းကိုတစ်ထစ်ချင်းလျှော့ချသွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်တွင် ၂ဒသမ ၇၅ နှင့် ၃ ရာခိုင်နှုန်းခန့်သို့ ရောက်ရှိသွားနိုင်မည်ဟု ခန့်မှန်းကြသည်။ နိုင်ငံတကာဘဏ္ဍာရေး ကွန်ရက်များသည် အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုမြင့်မားသဖြင့်ဗဟိုဘဏ်၏ဆုံးဖြတ်ချက်များသည်အခြားနိုင်ငံဗဟိုဘဏ်နှင့်ငွေကြေးဈေးကွက်များကိုလှုပ်ခတ်စေနိုင်သည်။

ထို့ပြင် အမေရိကန်ဒေါ်လာသည် ရွှေ၊ ငွေစသည့်တန်ဖိုးရှိသောပစ္စည်းတစ်ခုခုကို ကျောထောက်နောက်ခံ ထားခြင်းမရှိဘဲ အစိုးရ၏အာမခံဖြင့် ထုတ်ဝေသုံးစွဲသည့် Fiat Money ဖြစ်သောကြောင့် ဗဟိုဘဏ်၏ ငွေကြေးမူဝါဒအပြောင်းအလဲသည် ငွေကြေးဈေးကွက်တွင် အပြောင်းအလဲများစွာကို ဖြစ်ပေါ်စေနိုင်သည်။ မျှော်မှန်းထားသည့်အတိုင်း အတိုးနှုန်းထားများကို လျှော့ချပါက အမေရိကန်ဒေါ်လာသည် ၂၀၂၄ ခုနှစ်၏ နောက်ဆုံးသုံးလပတ်တွင် တန်ဖိုးထပ်မံကျဆင်းသွားနိုင်သည်။ သို့သော် လည်း အမေရိကန်ဒေါ်လာ၏တန်ဖိုးအတက်အကျသည် ကမ္ဘာ့စီးပွားရေးလမ်းကြောင်းများနှင့် ပထဝီဝင်နိုင်ငံရေးအခြေအနေ များပေါ်တွင်လည်း မူတည်မည်ဖြစ်သည်။

ဤကဲ့သို့ အမေရိကန်ဒေါ်လာတန်ဖိုးအတက်အကျသည် ကမ္ဘာတစ်ဝန်းမှ ငွေကြေးဈေးကွက်များအပေါ်တွင် အကျိုး သက်ရောက်မှု များစွာရှိလာမည်ဖြစ်ပြီး နိုင်ငံများ၏စီးပွားရေးအပေါ်တွင်လည်း ကောင်းကျိုးနှင့်ဆိုးကျိုးသက်ရောက်မှု နှစ်မျိုး စလုံးရှိနိုင်သည်။ အကျိုးသက်ရောက်မှု အတိုင်းအတာသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွဲ့စည်းပုံ၊ ကုန်သွယ်မှုပမာဏနှင့် ငွေကြေးမူဝါဒများပေါ်မူတည်၍ ကွာခြားမည်ဖြစ်သည်။

ဥပမာအားဖြင့် အမေရိကန်နိုင်ငံ ဗဟိုဘဏ်၏အတိုးနှုန်းဖြတ်တောက်မည့် အလားအလာများကြောင့် အမေရိကန် ဒေါ်လာသည် ထိုင်းဘတ်ငွေနှင့်နှိုင်းယှဉ်ပါက တန်ဖိုးကျဆင်းနေသည်။ သို့သော်၎င်းတန်ဖိုး အပြောင်းအလဲသည် ထိုင်းနိုင်ငံ၏ စီးပွားရေးကောင်းမွန်မှု၊ ငွေကြေးဈေးကွက်ခိုင်မာမှုနှင့် နိုင်ငံတော်ဘဏ်၏ ငွေကြေးမူဝါဒထိန်းညှိနိုင်မှုတို့နှင့်လည်း ဆက်စပ် လျက်ရှိသည်။

အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းပြီး ထိုင်းဘတ်ငွေတန်ဖိုးမြင့်တက်ခြင်းသည် သွင်းကုန်ပစ္စည်းများအတွက် ဈေးနှုန်း သက်သာလာသော်လည်း ပို့ကုန်ပစ္စည်းများမှာ ဈေးနှုန်းမြင့်တက်သည့်အတွက် နိုင်ငံခြားဈေးကွက်တွင် ပြိုင်ဆိုင်နိုင်စွမ်း နည်းပါးစေနိုင်သည်။ ဘတ်ငွေတန်ဖိုးတက်ခြင်းက ပြည်တွင်းလူမှုစီးပွားရေးတွင် အကျိုးရှိနိုင်သော်လည်း တစ်ချိန်တည်းမှာပင် ပို့ကုန်လုပ်ငန်းများအပေါ်ထိခိုက်စေနိုင်သည်။ အမေရိကန်ဒေါ်လာဖြင့် တင်ရှိနေသော ကြွေးမြီများအတွက်မူ အမေရိကန်ဒေါ်လာ တန်ဖိုး ကျဆင်းလာခြင်းကြောင့် ကြွေးမြီဝန်ထုပ်ဝန်ပိုးကို သက်သာစေနိုင်သည်။

ယခုနှစ်အတွင်း ဘတ်ငွေတန်ဖိုးတက်လာခြင်း၏အကျိုးဆက်အနေဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အနည်းငယ် သာရှိမည်ဟု အစိုးရကခန့်မှန်းထားပြီး ဗဟိုဘဏ်အနေဖြင့် ငွေကြေးတန်ဖိုးမြင့်တက်နေမှုအပေါ် အရေးယူသင့်သည်ဟုဆိုသည်။

အစိုးရက ထိုင်းနိုင်ငံတော်ဘဏ်သည် ငွေဖြစ်လွယ်မှုကို တိုးမြှင့်ရန်အတွက်လည်း အတိုးနှုန်းကို ဖြတ်တောက်လျှော့ချ သင့်သည်ဟု ယူဆကြသည်။ အတိုးနှုန်းကို လျှော့ချလိုက်ခြင်းဖြင့် စားသုံးသူများအတွက် ငွေကြေးဝယ်လိုအားကိုမြင့်တက်စေပြီး ရင်းနှီးမြှုပ်နှံသူများကို ငွေချေးယူရန်အားပေးရာရောက်သည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် ဘဏ်ချေးငွေများရယူ၍ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို လှုံ့ဆော်ပေးနိုင်သည်။

သို့သော် အတိုးနှုန်းသတ်မှတ်ခြင်းနှင့်ပတ်သက်၍ အစိုးရနှင့်ဗဟိုဘဏ်အကြား လပေါင်းများစွာကြာအောင် သဘော ထားကွဲလွဲမှုများ ဆက်လက်ဖြစ်ပေါ်နေသည်။

ထို့ကြောင့် ဝန်ကြီးချုပ်သစ် ပေထုန်တန် ရှင်နာဝပ်ထရာ(Paetongtarn Shinawatra)က ၎င်းဝန်ကြီးချုပ် မဖြစ်လာမီ ယခုနှစ်အစောပိုင်းတွင် ဗဟိုဘဏ်၏လွတ်လပ်စွာ လုပ်ပိုင်ခွင့်သည် နိုင်ငံ၏စီးပွားရေးပြဿနာများကို ဖြေရှင်းရန်အတွက် အတားအဆီးတစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းခြင်းနှင့် စီးပွားရေးအကျိုးဆက်များ သည်ရှုပ်ထွေးနိုင်ပြီး မတူညီသောနိုင်ငံများအကြားတွင် သိသိသာသာကွဲပြားနိုင်ကြောင်းသတိပြုရန်အရေးကြီးသည်။ စီးပွားရေး

တိုးတက်မှု၊ ပြည်တွင်းမူဝါဒများနှင့် ပထဝီဝင်နိုင်ငံရေးဖြစ်ရပ် များကဲ့သို့သော အကြောင်းရင်းများသည် အမေရိကန်ဒေါ်လာ တန်ဖိုး အပြောင်းအလဲ၏ အကျိုးသက်ရောက်မှုကို လွှမ်းမိုးနိုင်မည်ဖြစ်ပေသည်။

နိုင်ငံများအနေဖြင့် အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းမှု၏ အကျိုးသက်ရောက်မှုများကို တုံ့ပြန်ရန်အတွက် နိုင်ငံခြား အရန်ငွေ အားကောင်းလာစေရန်၊ငွေကြေးတည်ငြိမ်မှုစီမံခန့်ခွဲရန်နှင့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ ခိုင်မာစေရန်အတွက် အစိုးရ နှင့် ဗဟိုဘဏ်အကြား ဟန်ချက်ညီညီ ကြိုးပမ်းကြရမည်ဖြစ်ပေသည်။

အညွှန်း – J.P Morgan April 30, 2024 ၊ Xe Corporate September 10, 2024? Reuters,

ရေးသူ – ဒေါက်တာတင်ထူးနိုင်

Source:https:/standardtimedaily

# ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၄၊ စက်တင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၁.၁၀.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပေါင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | – | 120000–125000 |
| မြောင်းမြ | 85000–87000 | 120000–125000 |
| ဒေးဒရဲ | 82000–87000 | 110000–120000 |
| ဝါးခယ်မ | 82000–87000 | 110000–120000 |
| ဘိုကလေး | 85000–87000 | 110000–120000 |
| မော်လမြိုင်ကျွန်း | 85000–87000 | 120000–125000 |
| လပွတ္တာ | – | 120000–125000 |
| ကျိုက်လတ် | 85000–87000 | 110000–120000 |
| ဘုရင့်နောင် | 85000–87000 | 145000–150000 (ရွှေဘိုပေါ်ဆန်း) |

Source: MRF

### ၂၀၂၄၊ စက်တင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 2.9.2024 | 1850-2000 | 1800-1950 | 1750-1900 | 1700-1850 | 1650-1800 |
| 2 | 9.9.2024 | 1850-2000 | 1800-1950 | 1750-1900 | 1700-1850 | 1650-1800 |
| 3 | 16.9.2024 | 1950-2100 | 1900-2050 | 1850-2000 | 1800-1950 | 1750-1900 |
| 4 | 23.9.2024 | 1950-2100 | 1900-2050 | 1850-2000 | 1800-1950 | 1750-1900 |
| 5 | 30.9.2024 | 1950-2100 | 1900-2050 | 1850-2000 | 1800-1950 | 1750-1900 |

Source: MRPPA

## ၂၀၂၄၊ စက်တင်ဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွံနီ(ရှယ်) | | | ဧည့်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.9.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 2 | 3.9.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 3 | 4.9.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 4 | 5.9.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 5 | 6.9.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 6 | 9.9.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 7 | 10.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 71000 | 70000 | 69000 | 72000 | 71000 | 70000 |
| 8 | 11.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 71000 | 70000 | 69000 | 72000 | 71000 | 70000 |
| 9 | 12.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 71000 | 70000 | 69000 | 72000 | 71000 | 70000 |
| 10 | 13.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 71000 | 70000 | 69000 | 72000 | 71000 | 70000 |
| 11 | 16.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 71000 | 70000 | 69000 | 72000 | 71000 | 70000 |
| 12 | 17.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 13 | 18.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 14 | 19.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 15 | 20.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 16 | 23.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 17 | 24.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 18 | 25.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 19 | 26.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 20 | 27.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 21 | 30.9.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |

**Source: Myanmar Rice**

## ၂၀၂၄၊ စက်တင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.9.2024 | 2100.0 | 61.395 | 295.46 | 1607.3 | 25.031 | 1433.5 |
| 2 | 3.9.2024 | 2100.0 | 61.377 | 295.10 | 1606.1 | 25.013 | 1437.0 |
| 3 | 4.9.2024 | 2100.0 | 61.359 | 295.22 | 1607.4 | 25.012 | 1446.6 |
| 4 | 5.9.2024 | 2100.0 | 62.426 | 295.80 | 1613.3 | 25.006 | 1462.1 |
| 5 | 6.9.2024 | 2100.0 | 62.547 | 296.30 | 1617.2 | 25.019 | 1472.3 |
| 6 | 9.9.2024 | 2100.0 | 61.828 | 295.12 | 1607.3 | 25.013 | 1465.2 |
| 7 | 10.9.2024 | 2100.0 | 62.139 | 294.93 | 1607.9 | 25.006 | 1463.1 |
| 8 | 11.9.2024 | 2100.0 | 62.454 | 295.26 | 1612.8 | 25.015 | 1485.0 |
| 9 | 12.9.2024 | 2100.0 | 62.231 | 294.77 | 1608.4 | 25.005 | 1471.4 |
| 10 | 13.9.2024 | 2100.0 | 63.054 | 296.02 | 1616.9 | 25.027 | 1491.5 |
| 11 | 16.9.2024 | 2100.0 | 63.243 | 296.04 | 1621.3 | 25.033 | 1501.8 |
| 12 | 17.9.2024 | 2100.0 | 63.158 | 296.04 | 1623.9 | 25.084 | 1493.9 |
| 13 | 18.9.2024 | 2100.0 | 63.016 | 296.17 | 1622.5 | 25.086 | 1481.4 |
| 14 | 19.9.2024 | 2100.0 | 63.415 | 297.31 | 1626.3 | 25.105 | 1471.1 |
| 15 | 20.9.2024 | 2100.0 | 63.550 | 297.73 | 1625.8 | 25.125 | 1459.7 |
| 16 | 23.9.2024 | 2100.0 | 63.617 | 297.50 | 1623.9 | 25.135 | 1462.2 |
| 17 | 24.9.2024 | 2100.0 | 63.781 | 298.43 | 1627.8 | 25.105 | 1453.8 |
| 18 | 25.9.2024 | 2100.0 | 64.210 | 299.00 | 1634.4 | 25.118 | 1458.0 |
| 19 | 26.9.2024 | 2100.0 | 64.427 | 299.22 | 1632.1 | 25.092 | 1449.7 |
| 20 | 27.9.2024 | 2100.0 | 64.805 | 299.33 | 1636.2 | 25.096 | 1464.3 |
| 21 | 30.9.2024 | 2100.0 | 65.248 | 299.46 | 1640.6 | 25.062 | 1473.4 |

Source: Central Bank of Myanmar

## ၂၀၂၄၊ စက်တင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC 2024 | ပဲစင်းငုံ RC 2024 | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) (ထိပ်စ) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| 1 | 2.9.2024 | 4018000 | 5200000 | - | 3110900 | - | 3726400 |
| 2 | 3.9.2024 | 4121000 | 5237000 | - | 3110900 | - | 3833600 |
| 3 | 4.9.2024 | 4090000 | 5200000 | - | 3110900 | - | 3833600 |
| 4 | 5.9.2024 | 4019000 | 5100000 | - | 3110900 | - | 3833600 |
| 5 | 6.9.2024 | 4003000 | 5050000 | - | 3110900 | - | 3833600 |
| 6 | 9.9.2024 | 3915000 | 4900000 | - | 3110900 | - | 3833600 |
| 7 | 10.9.2024 | 3915000 | 4895000 | - | 3110900 | - | 3867200 |
| 8 | 11.9.2024 | 3910000 | 4845000 | - | 3110900 | - | 3867200 |
| 9 | 12.9.2024 | 3810000 | 4750000 | - | 3110900 | - | 3867200 |
| 10 | 13.9.2024 | 3913000 | 4800000 | - | 3110900 | - | 3867200 |
| 11 | 16.9.2024 | 3900000 | 4750000 | - | 3110900 | - | 3867200 |
| 12 | 17.9.2024 | 3863000 | 4737000 | - | 3110900 | - | 3867200 |
| 13 | 18.9.2024 | 3916000 | 4750000 | - | 3110900 | - | 3867200 |
| 14 | 19.9.2024 | 3951000 | 4800000 | - | 3110900 | - | 3867200 |
| 15 | 20.9.2024 | 3983000 | 4875000 | - | 3110900 | - | 3867200 |
| 16 | 23.9.2024 | 4000000 | 4950000 | - | 3110900 | - | 3867200 |
| 17 | 24.9.2024 | 3973000 | 4895000 | - | 3110900 | - | 3867200 |
| 18 | 25.9.2024 | 3967000 | 4850000 | - | 3110900 | - | 3867200 |
| 19 | 26.9.2024 | 3990000 | 4800000 | - | 3110900 | 3101800 | 3867200 |
| 20 | 27.9.2024 | 3977000 | 4795000 | - | 3110900 | 3101800 | 3867200 |
| 21 | 30.9.2024 | 3945000 | 4725000 | - | 3110900 | 3101800 | 3867200 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ စက်တင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 2.9.2024 | 3248700-3469200 | 2804700-2908900 | 3570200-3778400 | 3674300-3778400 | 1059400-1071700 |
| 2 | 3.9.2024 | 3276300-3469200 | 2804700-2908900 | 3570200-3778400 | 3674300-3778400 | 1059400-1071700 |
| 3 | 4.9.2024 | 3248700-3469200 | 2804700-2908900 | 3570200-3778400 | 3775400-3879500 | 1059400-1071700 |
| 4 | 5.9.2024 | 3248700-3469200 | 2804700-2908900 | 3570200-3778400 | 3775400-3879500 | 1059400-1071700 |
| 5 | 6.9.2024 | 3248700-3469200 | 2804700-2908900 | 3570200-3778400 | 3775400-3879500 | 1059400-1071700 |
| 6 | 9.9.2024 | 3248700-3469200 | 2804700-2908900 | 3570200-3778400 | 3775400-3879500 | 1059400-1071700 |
| 7 | 10.9.2024 | 3248700-3469200 | 2856800-2908900 | 3570200-3778400 | 3876400-4084600 | 1059400-1071700 |
| 8 | 11.9.2024 | 3248700-3469200 | 2856800-2908900 | 3570200-3778400 | 3876400-4084600 | 1059400-1071700 |
| 9 | 12.9.2024 | 3248700-3469200 | 2856800-2908900 | 3570200-3778400 | 3876400-4084600 | 1059400-1071700 |
| 10 | 13.9.2024 | 3248700-3469200 | 2856800-2908900 | 3570200-3778400 | 3876400-4084600 | 1059400-1071700 |
| 11 | 16.9.2024 | 3248700-3469200 | 2856800-2908900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 12 | 17.9.2024 | 3248700-3469200 | 2856800-2908900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 13 | 18.9.2024 | 3248700-3469200 | 2856800-2960900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 14 | 19.9.2024 | 3248700-3469200 | 2856800-2960900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 15 | 20.9.2024 | 3248700-3469200 | 2856800-2960900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 16 | 23.9.2024 | 3248700-3469200 | 2856800-2960900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 17 | 24.9.2024 | 3248700-3469200 | 2908900-2960900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 18 | 25.9.2024 | 3248700-3469200 | 2908900-2960900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 19 | 26.9.2024 | 3248700-3469200 | 2908900-2960900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 20 | 27.9.2024 | 3248700-3469200 | 2908900-2960900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |
| 21 | 30.9.2024 | 3248700-3469200 | 2908900-2960900 | 3674300-3778400 | 3876400-4084600 | 1059400-1071700 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၄၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 2.9.2024 to 6.9.2024 | 9.9.2024 to 13.9 .2024 | 16.9.2024 to 20.9.2024 | 23.9 .2024 to 27.9.2024 | 30.9.2024 |
|---|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 900-910 | 895-905 | 895-905 | 925-935 | 925-935 |
| | SQ | 995-1005 | 990-1000 | 985-995 | 1015-1025 | 1015-1025 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1000-1020 | 995-1015 | 995-1015 | 1025-1045 | 1025-1045 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1100-1120 | 1095-1115 | 1095-1115 | 1125-1145 | 1125-1145 |
| | အခွံပါအခြမ်း | 1000-1020 | 995-1015 | 995-1015 | 1025-1045 | 1025-1045 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 700-710 | 700-710 | 700-710 | 700-710 | 700-710 |
| | FAQ (ရွှေဝါ) | | 760-770 | 760-770 | 760-770 | 760-770 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 830-840 | 830-840 | 830-840 | 830-840 | 830-840 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 790-800 | 790-800 | 790-800 | 790-800 | 790-800 |
| | ရွှေဝါအသေး (Under 3.5 mm) | 730-740 | 730-740 | 730-740 | 730-740 | 730-740 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 700-710 | 700-710 | 700-710 | 700-710 | 700-710 |
| | SQ ပဲနောက် | 950-960 | 950-960 | 970-980 | 970-980 | 970-980 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 945-965 | 945-965 | 945-965 | 945-965 | 945-965 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 775-795 | 775-795 | 775-795 | 775-795 | 775-795 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 725-745 | 725-745 | 725-745 | 725-745 | 725-745 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 1140-1150 | 1120-1130 | 1070-1080 | 1070-1080 | 1070-1080 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 1100-1110 | 1080-1090 | 1030-1040 | 1030-1040 | 1030-1040 |
| | အခွံချွတ်အခြမ်း | 1440-1450 | 1420-1430 | 1370-1380 | 1370-1380 | 1370-1380 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 860-870 | 825-835 | 825-835 | 825-835 | 825-835 |
| | အခွံချွတ်အခြမ်း | 1110-1130 | 1075-1095 | 1075-1095 | 1075-1095 | 1075-1095 |
| ပဲလွန်းဖြူ | FAQ | 720-730 | 720-730 | 720-730 | 720-730 | 720-730 |
| | SQ | 785-795 | 785-795 | 785-795 | 785-795 | 785-795 |
| | အခွံချွတ်အခြမ်း | 850-870 | 850-870 | 850-870 | 850-870 | 850-870 |
| ပဲလွန်းနီ | FAQ | 625-635 | 625-635 | 625-635 | 625-635 | 625-635 |
| ပဲထောပတ် | FAQ | 1130-1140 | 1130-1140 | 1130-1140 | 1130-1140 | 1130-1140 |
| | အခွံချွတ်အခြမ်း | 1155-1175 | 1155-1175 | 1155-1175 | 1155-1175 | 1155-1175 |
| ပြောင်းဆန် | | 270-280 | 265-275 | 265-275 | 260-270 | 260-270 |
| နှမ်းဖြူ | | 1525-1535 | 1425-1435 | 1425-1435 | 1425-1435 | 1425-1435 |
| နှမ်းနက်(စမုန်) | | 2150-2160 | 2050-2060 | 2050-2060 | 2050-2060 | 2050-2060 |
| နှမ်းညို | | 1305-1315 | 1205-1215 | 1205-1215 | 1205-1215 | 1205-1215 |
| နှမ်းနက်(ရိုးရိုး) | | 1655-1665 | 1655-1665 | 1655-1665 | 1655-1665 | 1655-1665 |
| မြေထောက်ပဲ(အနီ)FAQ | | 950-960 | 950-960 | 950-960 | 950-960 | 950-960 |
| မြေထောက်ပဲ(အနီ)SQ | | 1100-1110 | 1100-1110 | 1100-1110 | 1100-1110 | 1100-1110 |
| မြေထောက်ပဲ(အဖြူ) | | 1130-1140 | 1130-1140 | 1130-1140 | 1130-1140 | 1130-1140 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 950-960 | 950-960 | 950-960 | 950-960 | 950-960 |
| ပဲယင်း(ဝါ) | | 520-530 | 520-530 | 520-530 | 520-530 | 520-530 |
| ပဲယင်း(နီ) | | 680-690 | 650-660 | 650-660 | 645-655 | 645-655 |
| ပဲကြီး | | 860-870 | 860-870 | 860-870 | 860-870 | 860-870 |
| ပဲကြီးအခွံချွတ်အခြမ်း | | 980-1000 | 980-1000 | 980-1000 | 980-1000 | 980-1000 |
| Azuki (Small Red Bean) | | 965-975 | 965-975 | 965-975 | 965-975 | 965-975 |
| စွန်တာနီ/ပြာ | | | 700-710 | 700-710 | 700-710 | 700-710 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၄၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 4.9.2024 to 10.9.2024 | 11.9..2024 to 17.9.2024 | 18.9.2024 to 24.9.2024 | 25.9.2024 to 1.10..2024 |
|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken | 505-510 | 505-510 | 505-510 | 505-510 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 510-515 | 510-515 | 510-515 | 510-515 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 510-515 | 510-515 | 510-515 | 510-515 |
| 4 | Myanmar White Rice 10 % Broken | 505-510 | 505-510 | 505-510 | 505-510 |
| 5 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 505-510 | 505-510 | 505-510 | 505-510 |
| 6 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 500-505 | 500-505 | 500-505 | 500-505 |
| 7 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 495-500 | 495-500 | 495-500 | 495-500 |
| 8 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 465-475 | 465-475 | 465-475 | 465-475 |
| 9 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 510-515 | 510-515 | 510-515 | 510-515 |
| 10 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 505-510 | 505-510 | 505-510 | 505-510 |
| 11 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 500-505 | 500-505 | 500-505 | 500-505 |
| 12 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 495-500 | 495-500 | 495-500 | 495-500 |
| 13 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 510-515 | 510-515 | 510-515 | 510-515 |
| 14 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 505-510 | 505-510 | 505-510 | 505-510 |
| 15 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 500-505 | 500-505 | 500-505 | 500-505 |
| 16 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 495-500 | 495-500 | 495-500 | 495-500 |
| 17 | Myanmar White Rice (Thee Pu) 5% Broken (Well Milled Double Polished Sortexed) | | | 510-515 | 510-515 |
| 18 | Myanmar White Rice (Thee Pu) 10% Broken (Well Milled Double Polished Sortexed) | | | 505-510 | 505-510 |
| 19 | Myanmar White Rice (Thee Pu) 15% Broken (Well Milled Double Polished Sortexed) | | | 500-505 | 500-505 |
| 20 | Myanmar White Rice (Thee Pu) 25% Broken (Well Milled Double Polished Sortexed) | | | 495-500 | 495-500 |
| 21 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 510-515 | 510-515 | 510-515 | 510-515 |
| 22 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 505-510 | 505-510 | 505-510 | 505-510 |
| 23 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 500-505 | 500-505 | 500-505 | 500-505 |
| 24 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 495-500 | 495-500 | 495-500 | 495-500 |
| 25 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 465-475 | 465-475 | 465-475 | 465-475 |
| 26 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 570-580 | 570-580 | 570-580 | 570-580 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 510-515 | 510-515 | 510-515 | 510-515 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 505-510 | 505-510 | 505-510 | 505-510 |
| 29 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 500-505 | 500-505 | 500-505 | 500-505 |
| 30 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 495-500 | 495-500 | 495-500 | 495-500 |
| 31 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 640-650 | 640-650 | 640-650 | 640-650 |
| 32 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 630-640 | 630-640 | 630-640 | 630-640 |
| 33 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 650-655 | 650-655 | 650-655 | 650-655 |
| 34 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 635-645 | 635-645 | 635-645 | 635-645 |
| 35 | Myanmar Glutinous Rice 5% Broken (Well Milled) | 555-565 | 555-565 | 555-565 | 555-565 |
| 36 | Myanmar Glutinous Rice 10 % Broken (Well Milled) | 545-555 | 545-555 | 545-555 | 545-555 |
| 37 | Myanmar Glutinous Rice 15 % Broken (Well Milled) | 535-545 | 535-545 | 535-545 | 535-545 |
| 38 | Myanmar Glutinous Rice 25 % Broken (Well Milled) | | | | 510-520 |
| 39 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 530-535 | 530-535 | 530-535 | 530-535 |
| 40 | Myanmar Brown Rice 10 % Broken | 455-465 | 455-465 | 455-465 | 455-465 |

**Source: MRF**

## ၂၀၂၄၊ စက်တင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 2.9.2024 | 72.94 | 76.27 | 205.61 | 2.17 | 226.27 |
| 2 | 3.9.2024 | 73.88 | 77.22 | 206.23 | 2.17 | 227.80 |
| 3 | 4.9.2024 | 69.9 | 73.35 | 197.09 | 2.20 | 219.42 |
| 4 | 5.9.2024 | 69.32 | 72.81 | 195.10 | 2.13 | 215.99 |
| 5 | 6.9.2024 | 69.33 | 72.87 | 193.83 | 2.26 | 217.29 |
| 6 | 9.9.2024 | 68.69 | 72.09 | 194.47 | 2.19 | 216.14 |
| 7 | 10.9.2024 | 68.57 | 71.79 | 193.36 | 2.14 | 215.01 |
| 8 | 11.9.2024 | 66.09 | 69.51 | 187.47 | 2.23 | 206.17 |
| 9 | 12.9.2024 | 68.13 | 71.50 | 191.62 | 2.28 | 211.58 |
| 10 | 13.9.2024 | 69.33 | 72.28 | 193.68 | 2.37 | 212.46 |
| 11 | 16.9.2024 | 68.89 | 71.75 | 192.72 | 2.28 | 207.97 |
| 12 | 17.9.2024 | 70.62 | 73.10 | 198.58 | 2.40 | 210.89 |
| 13 | 18.9.2024 | 70.68 | 73.20 | 198.35 | 2.32 | 212.99 |
| 14 | 19.9.2024 | 70.76 | 73.60 | 201.94 | 2.29 | 214.92 |
| 15 | 20.9.2024 | 71.8 | 74.59 | 204.57 | 2.35 | 216.69 |
| 16 | 23.9.2024 | 71.61 | 75.05 | 205.31 | 2.47 | 218.22 |
| 17 | 24.9.2024 | 71.24 | 74.71 | 202.18 | 2.65 | 217.60 |
| 18 | 25.9.2024 | 71.27 | 74.93 | 202.33 | 2.58 | 217.60 |
| 19 | 26.9.2024 | 67.96 | 71.50 | 196.31 | 2.66 | 212.00 |
| 20 | 27.9.2024 | 67.54 | 71.45 | 194.41 | 2.59 | 212.81 |
| 21 | 30.9.2024 | 69.00 | 73.10 | 197.47 | 2.89 | 216.70 |

Source: Bloomberg Commodities

## ၂၀၂၄၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 2.9.2024 | 2499 | 2504 |
| 2 | 3.9.2024 | 2497 | 2503 |
| 3 | 4.9.2024 | 2495 | 2499 |
| 4 | 5.9.2024 | 2498 | 2504 |
| 5 | 6.9.2024 | 2523 | 2527 |
| 6 | 9.9.2024 | 2503 | 2507 |
| 7 | 10.9.2024 | 2506 | 2509 |
| 8 | 11.9.2024 | 2519 | 2515 |
| 9 | 12.9.2024 | 2524 | 2527 |
| 10 | 13.9.2024 | 2570 | 2575 |
| 11 | 16.9.2024 | 2589 | 2593 |
| 12 | 17.9.2024 | 2582 | 2587 |
| 13 | 18.9.2024 | 2572 | 2577 |
| 14 | 19.9.2024 | 2568 | 2572 |
| 15 | 20.9.2024 | 2598 | 2602 |
| 16 | 23.9.2024 | 2631 | 2635 |
| 17 | 24.9.2024 | 2631 | 2635 |
| 18 | 25.9.2024 | 2664 | 2668 |
| 19 | 26.9.2024 | 2661 | 2666 |
| 20 | 27.9.2024 | 2676 | 2668 |
| 21 | 30.9.2024 | 2663 | 2667 |

**Source: Bullionvault,**